မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၂၂၉)

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

၂၀၁၄ ခုနှစ်၊ မေ ၂၂ ရက်၊ ကြာသပတေးနေ့။

တို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အနောက်တောင်မုတ်သုံလေဝင်ပြီ

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မေ ၂၁ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ကာယ၊ ဉာဏ၊ စာရိတ္တစွမ်းအားများ မြင့်မားစေရန် ရေတို၊ ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ရမည်

နေပြည်တော် မေ ၂၁

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ (၁/ ၂၀၁၄) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုရေးဝန်ကြီးများ၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်

စာမျက်နှာ ၈ ကော်လံ ၁ ■

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်လွေချောင်းကူး မိုင်းယု- ကျင်းရဲတံတားတည်ဆောက်

ကျိုင်းတုံ မေ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့နယ်ခွဲ နမ့်လွေချောင်းကူး မိုင်းယု-ကျင်းရဲတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အထူးဒေသ(၄) မိုင်းလားအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိရာ လုပ်ငန်းခွင်သို့ မေ ၂၀ ရက်တွင် ပြည်နယ်ဒေသဖွံ့ဖြိုးရေးရုံး(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

တံတားကို ယခုနှစ် ဇန်နဝါရီလက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း တည်ဆောက်ပြီးခဲ့ရာ အောက်တိုဘာလတွင် ပြီးစီးနိုင်မည်ဖြစ်သည်။ တံတားကြီးဖွင့်လှစ်ပြီးပါက နမ့်ပန်းဒေသနှင့် မိုင်းယောင်းမြို့နယ်များအတွင်း ရာသီမရွေးကုန်စည် ကူးသန်းမှုဆောင်ရွက်နိုင်မည်ဖြစ်၍နယ်စပ်ဒေသနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသခံများ ကြည်နူးဝမ်းသာလျက်ရှိကြောင်း သိရသည်။

မောင်မောင်နိုင်(iprd)

တောင်သူလယ်သမားများ အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ်ချေးငွေရရှိမည့်အခွင့်အရေး နိုင်ငံတော်က စီစဉ်ဆောင်ရွက်နေ

၁။ တောင်သူလယ်သမားများ၏စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိနိုင်ရေးအတွက် မိုးချေးငွေ၊ ဆောင်းချေးငွေနှင့် မိုးကြိုချေးငွေများကို ရာသီအလိုက် နိုင်ငံတော်က နှစ်စဉ်ထုတ်ချေးပေးလျက်ရှိသည်။

၂။ ယင်းသို့ နိုင်ငံတော်ကထုတ်ချေးခဲ့ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်က စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၁၅၆ ဒသမ ၀၅၂ ဘီလီယံကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်က ထုတ်ချေးပေးခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း တောင်သူလယ်သမားများ စိုက်ပျိုးချိန်ရာသီအမီ ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မိုးချေးငွေကို မေလကုန်နှင့်ဇွန်လအတွင်း ထုတ်ချေးပေးသွားမည်ဖြစ်သည်။

၃။ ယခင်က တောင်သူလယ်သမားများ၏ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က နှစ်စဉ်ထုတ်ချေးပေးခဲ့သော်လည်း ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၉၈၃ ဒသမ ၅၇၇ ဘီလီယံကို ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ထုတ်ချေးမည်ဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏

စာမျက်နှာ ၇ ကော်လံ ၃ ✳

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆေးဝါးအလှူ

ဆေးဝါးများလှူဒါန်းခြင်း၊ အခမဲ့ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာဗဟုသုတများဟောပြောပို့ချခြင်းတို့သည် ဆေးအလှူများဖြစ်ပါသည်။ ဆေးလှူဒါန်းခြင်းအလုပ်သည် အမွန်မြတ်ဆုံးသောအလုပ်၊ အမွန်မြတ်ဆုံးသောဒါနဖြစ်ပါသည်။ အကြောင်းသည်ကား လူတစ်ကိုယ်တွင် ကျန်းမာရေးသည် အရေးကြီးဆုံးဖြစ်ပါသည်။ လူတွင်ကျန်းမာရေးထက် အရေးကြီးသောအရာ မရှိနိုင်ပါ။ ထိုအရေးကြီးဆုံးအရာအတွက် လှူဒါန်းခြင်း၊ ပေးကမ်းခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့မှာ အမွန်မြတ်ဆုံးအလုပ်ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် အခမဲ့ဆေးဝါးကုသပေးမှုများ တိုးပွားလာလျက်ရှိပါသည်။ အခမဲ့ဆေးဝါးကုသပေးခြင်းကို လူထုက အမှန်ပင်လိုလိုလားလားရှိကြပါသည်။ နေရေး၊ စားရေးထက် ဆေးဖိုးမရှိပါက မသက်သာသည့်အဆုံးရောက်မှသာ ဆေးရုံဆေးခန်းသွားကြရပါသည်။ ထို့ကြောင့်လည်း အပ်နှင့် ထွင်းရမည့်ရောဂါမှာ ပုဆိန်နှင့်ပေါက်ရမလို ဖြစ်ရပါတော့သည်။ ဤသည်မှာ အခမဲ့ဆေးဝါးကုသပေးမှုများ လိုအပ်နေသည်ကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ပါသည်။ အထူးသဖြင့် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများနှင့် ဆင်းရဲသားပြည်သူများက အခမဲ့ဆေးကုသပေးခြင်းကို ကြိုဆိုလျက်ရှိပါသည်။

ကရင်ပြည်နယ် ဖာပွန်မြို့ရှိ ကျေးလက်ဒေသတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးမြှင့်တင်ပေးလိုသောဆန္ဒဖြင့် မေ ၁၇ ရက်က ဖာပွန်မြို့ အထက်တန်းကျောင်းတွင် ပြည်နယ်ကျန်းမာရေးအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများက ဒေသခံပြည်သူ ၂၄၃ ဦးအား အခမဲ့ဆေးဝါးများကုသပေးခဲ့ကြောင်း သိရသည်။ ဤကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျနေသော နေရာဒေသများ၊ ဝေးလံခေါင်သီသောဒေသများနှင့် မြို့ရွာအသီးသီးတို့၌ အခမဲ့ဆေးဝါးကုသပေးခြင်းသည် နိုင်ငံတော်က ပြည်သူ့ကျန်းမာရေးကို အလေးထားဆောင်ရွက်ပေးနေသည်ကို ပြသခြင်းပင်ဖြစ်ပါသည်။

အခမဲ့ဆေးဝါးကုသပေးခြင်းကို နိုင်ငံတော်အပိုင်းကသာမက ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းများကလည်း ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်လျက်ရှိသည်ကို သတိပြုမိပါသည်။ အထူးသဖြင့် ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းများက အခမဲ့ဆေးဝါးကုသပေးမှုများ တိုးပွားလျက်ရှိပါသည်။ မျက်စိစမ်းသပ်ပေးခြင်း၊ မျက်မှန်များအခမဲ့တပ်ဆင်ပေးခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်း၊ သွားတုများပြုလုပ်ပေးခြင်းစသည်တို့အပါအဝင် အခြားသောနာတာရှည်ရောဂါများကိုလည်း ကွင်းဆင်းကုသပေးလျက်ရှိပါသည်။ ဤသို့ အခမဲ့ဆေးဝါးကုသပေးမှုများ ပေါ်ပေါက်လာခြင်းသည် ပြည်သူလူထုကြီးအတွက် ဝမ်းမြောက်စရာပင်ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့ရွာတို့၌ ဤကဲ့သို့ အခမဲ့ဆေးဝါးကုသပေးမှုများ၊ ကွင်းဆင်းကုသရေးအစီအမံများ တိုးချဲ့ဆောင်ရွက်သင့်ပါသည်။ ထို့ကြောင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်လာစေရန် အခမဲ့ဆေးဝါးကုသပေးမှုများ ဆေးအလှူကို တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

တာဝန်သိခရီးသွားလုပ်ငန်းဖိုရမ် ကျင်းပ

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ မေ ၁၉ ရက် နံနက်ပိုင်းက ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော တာဝန်သိခရီးသွားလုပ်ငန်းဖိုရမ်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး မစ္စတာခရစ်တော့ ဘာ့ဂနာ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ကလေးသူငယ်များအား မှားယွင်းစွာအသုံးချမှုကြောင့် ၎င်းတို့၏လူမှုဘဝများတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများတွင် များစွာထိခိုက်နစ်နာမှုများရှိသည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြရမှာဖြစ်ပါကြောင်း၊ ယခုအခါ The Code အဖွဲ့အစည်းမှ ယူနီဆက်နှင့်ပူးပေါင်း၍ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော တာဝန်သိခရီးသွားလုပ်ငန်း Forum တစ်ရပ်ဆောင်ရွက်ပေးခြင်းသည် တာဝန်သိခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အားဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး မစ္စတာခရစ်တော့ ဘာ့ဂနာက ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၌လည်း ရေရှည်တည်တံ့ခိုင်မြဲသော တာဝန်သိခရီးသွားလုပ်ငန်းသည် လွန်စွာအရေးပါလာကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ခုနစ်သန်းအထိ ရရှိရန်ရည်မှန်းထားသည်ကိုသိရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ၎င်းနှင့်အတူ ကလေးသူငယ်များအပေါ် လွဲမှားစွာ အသုံးချသည့်ခရီးသွားလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် ကလေးသူငယ်များ၏ဘဝရေရှည်စိတ်ချလုံခြုံစွာနေထိုင်နိုင်ရေးအတွက် The Code အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူလူထု ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ခေတ်အမီဆုံး၊ အကောင်းဆုံးနည်းလမ်းများဖြင့် ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

NSC ဖွဲ့စည်းခြင်းနှင့် EIF လုပ်ငန်းစဉ်ဆွေးနွေး

နေပြည်တော် မေ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် မေ ၂၀ ရက် နံနက် ၉ နာရီက နေပြည်တော်ဟိုတယ်ရွှေပြည်တော်၌ကျင်းပသော ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအကူအညီဖြစ်သည့် EIF လုပ်ငန်းစဉ်အတွင်း အမျိုးသားအဆင့် လမ်းညွှန်ကြီးကြပ်မှုကော်မတီ (National Steering Committee-NSC) ဖွဲ့စည်းခြင်းနှင့် EIF လုပ်ငန်းစဉ်နှင့်ပတ်သက်သော ဆွေးနွေးပွဲတွင် အမှာစကားပြောကြားရာ၌ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအကူအညီတစ်ရပ်ဖြစ်သော Enhanced Integrated Frame Work (EIF) လုပ်ငန်းစဉ်ကို ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံအားလုံးအားပေးအပ်ခြင်းဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံအဖြစ်မှ Graduation မဖြစ်မချင်းရရှိခံစားနိုင်သည့် ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံများအနေဖြင့် (EIF) လုပ်ငန်းစဉ်ပါ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအကူအညီများကို ရယူကာ မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို အကျိုးရှိရှိရယူဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)မှ ယင်းတို့၏ လုပ်ငန်းစဉ်တွင် ဖော်ပြထားသည်ကို တွေ့ရှိရပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သည် မြန်မာနိုင်ငံအား EIF အစီအစဉ်အရ အကျိုးခံစားခွင့်ရှိသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ် ဧပြီလမှ စတင်ကာ တရားဝင် အသိအမှတ်ပြုပေးခဲ့ရာ EIF လုပ်ငန်းစဉ်တွင် ရှေ့ဆက်ဆောင်ရွက်ရန် အချက်များနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းနိုင်ရန်အတွက် အစိုးရဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် အသင်းများမှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်ကာ ဆွေးနွေးပွဲ (Seminar) ကျင်းပခြင်းနှင့်ဆက်စပ်အစည်းအဝေးများပြုလုပ်ခြင်းကို တစ်ပြိုင်နက်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် European Union (EU) မှ Head of Cooperation Mrs.Isabel Faria De Almeida က လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများက ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရရှိမည့်အကျိုးခံစားခွင့်များအား ရှင်းလင်းပြောကြားခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်အားဖြန့်ဖြူးမှု စနစ်အတွင်း အသုံးပြုရန် ပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၁

ဂျပန်နိုင်ငံ NGK Insulators, Ltd. က ရန်ကုန်မြို့ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်း အသုံးပြုရန် ဂျပန်ယန်း ၂၃၄၃၆၆၀ တန်ဖိုးရှိသည့် Air Insulated Switch, Cut-out Fuse Unit,Fuse Element နှင့် Fuse operation Rod များ ပေးအပ်လှူဒါန်းပွဲကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ NGK Insulators, Ltd. မှ Mr. Kinya Hamano (General Manager) နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး လှူဒါန်းသည့်ပစ္စည်းများကို ရန်ကုန်မြို့၏ မြို့နယ်ခုနစ်မြို့နယ်အတွင်း တပ်ဆင်အသုံးပြုမည်ဖြစ်သည်။

ထိုသို့ တပ်ဆင်သုံးစွဲခြင်းဖြင့် ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများတွင် အပြစ်ဖြစ်ပေါ်ပါက လျှပ်စစ်ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရန် ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်တောက်မှုကြာချိန်လည်း လျော့နည်းနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် နွေရာသီအခြေခံ BMX စက်ဘီးသင်တန်းစာရင်းပေးသွင်းရန် ခေါ်ယူခြင်း

အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် နွေရာသီအခြေခံ BMX စက်ဘီးစီးသင်တန်းကို Mount Pleasent BMX စက်ဘီးကွင်းတွင် ၂၇-၅-၂၀၁၄ ရက်မှ ၃-၆-၂၀၁၄ ရက်အထိ ၈ ရက်ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် သင်တန်းဝင်ကြေးငွေ ၁၀၀၀၀/-(ကျပ်တစ်သောင်း) နှင့်အတူ ဖုန်း-၀၉-၇၃၀၅၆၇၁၀၊ ၀၉-၄၄၈၅၄၄၃၇၂ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် ကိုယ်ပိုင်စက်ဘီးယူဆောင်လာရမည်ဖြစ်ပြီး စက်ဘီးမရှိပါက သင်တန်းကာလအတွင်း စက်ဘီးငှားရမ်းခ ၂၀၀၀၀/- (ကျပ်နှစ်သောင်း) ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ရာ ၂၆-၅-၂၀၁၄ ရက် နောက်ဆုံးထား၍ဆက်သွယ်စာရင်းသွင်းကြရမည်။

ယာဉ်မောင်းအလိုရှိသည်

Pyei Taw Moe Co.,Ltd.တွင် လိုင်စင်(အနီ) ယာဉ်မောင်း(၂)ဦး အလိုရှိသည်။ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူနှင့် လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၈)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေအပိုင်းလေး ဘောက်ထော်

ဖုန်း-၀၉-၅၁၁၃၄၀၁၊ ၅၄၈၂၉၇၊ ၅၄၃၆၉၆၊ ၄၀၀၄၇၈

ပြည်တွင်းသတင်း

(၂၃)ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ဒုတိယသမ္မတဦးညဏ်ထွန်း ဖိလစ်ပိုင်သို့ထွက်ခွာ

ရန်ကုန် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပမည့် (၂၃)ကြိမ်မြောက်အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးသန့်ကျော်နှင့်တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ဒုတိယသမ္မတနှင့်အတူ ဖိုရမ်သို့ပါဝင်တက်ရောက်မည့် ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်၊ ဦးဝင်းမြင့်၊ ဦးငွေးအောင်တို့သည် ဖိလစ်ပိုင်နိုင်ငံသို့ မေ ၂၀ ရက်တွင် ကြိုတင်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း မနီလာမြို့၌ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ထွက်ခွာရာ ဖိလစ်ပိုင် နိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၁

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီအစည်းအဝေး(၁၀/၂၀၁၄)ကို မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D) ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အတွင်းရေးမှူးများ၊ ကော်မတီဝင်များနှင့် အကြံပြုဆွေးနွေးရန် သတ်မှတ်ခွင့်ပြုထားသော လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ**(ယာပုံ)**နှင့် ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေး(၉/၂၀၁၄)က ဆုံးဖြတ်ခဲ့သည့် အစည်းအဝေး အစီအစဉ်အတိုင်း ဆက်လက်ဆွေးနွေးကြသည်။

ယင်းသို့ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)တွင် ပါဝင်သော ပုဒ်မစဉ်အတိုင်း ပုဒ်မ ၂၀ မှစ၍ ပုဒ်မ ၃၉ အထိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထု၏ အကြံပြုချက်များအပေါ် အဖွဲ့ဝင်များကဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရန် အချက်များကို ဆုံးဖြတ်ခဲ့ကြကြောင်းနှင့် အစည်းအဝေးများကို နေ့စဉ် နံနက် ၁၀ နာရီမှစတင်၍ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်း၍အသိပေးတင်ပြခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းတို့ ပူးပေါင်းစီစဉ် ကျင်းပသည့် နိုင်ငံတကာ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်း၍ အသိပေးတင်ပြခြင်း အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်း အနားကို မေ ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရ

ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် **(ဝဲပုံ)**က မိမိတို့ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ချက် (၅)ရပ် ပါဝင်သော သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေ ထုတ်ပြန်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားသဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ဧပြီ ၃၀ ရက်တွင်ကျင်းပခဲ့ပြီဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်(၄)ရပ်ဖြစ်သော သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေး (Reduction)၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းအပါအဝင် အသင့်ပြင်ဆင်ထားရှိရေး (Readiness)၊ အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး (Response) နှင့် ပြန်လည်ထူထောင်တည်ဆောက်ရေး(Recovery)တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါကြောင်း၊ ပြဋ္ဌာန်းထားပြီးဖြစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် ပြဋ္ဌာန်းတော့မည့် နည်းဥပဒေများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဦးသာလှရွှေနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းမှ ဌာနေကိုယ်စားလှယ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းမှ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း အင်အား ၈၀ ခန့် တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ရင်းနှီးမြှုပ်နှံမှုခွင့်ပြုခဲ့သဖြင့် တယ်လီနောနှင့် အော်ရီဒူးကုမ္ပဏီများလည်း လုပ်ငန်းများစတင်နေပြီဖြစ်ရာ ပြည်သူများ နောက်ဆုံးပေါ် ခေတ်မီဆက်သွယ်ရေးနယ်ပယ်တွင် လူတိုင်းနီးပါးစီးမျော အသုံးပြုနိုင်ကြတော့မည်ဖြစ်သည်။ "လူတန်းစားမရွေး အင်တာနက်စနစ်ပူးတွဲပါရှိတဲ့ မိုဘိုင်းဆင်းကတ်တွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချပေးနိုင်ဖို့ စီစဉ်နေပါတယ်။ မြန်မာပြည်သူတွေအဆင့်မြင့်ဆက်သွယ်ရေးစနစ် ထည့်သွင်းထားတဲ့ လက်ကိုင်ဖုန်းတွေ သုံးစွဲနိုင်ဖို့ ငွေကြေးပမာဏ ပူပင်စရာမရှိတဲ့ ဈေးနှုန်းမျိုးနဲ့ရောင်းချပေးမှာပါ"ဟု တယ်လီနောကုမ္ပဏီမှ စီအီးအို Mr.Petter Furbers က မီဒီယာသမားများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ယခုအခါ မိုဘိုင်းဖုန်းများနှင့် အင်တာနက်သုံးစွဲရာတွင် ငွေကုန်ကျမှုများရှိနေသဖြင့် ငွေကြေးကုန်ကျမှုအတွက် စိုးရိမ်ပူပင်စွာခံစားပြီး သုံးစွဲနေကြရသည့် လက်ကိုင်ဖုန်းဖြင့် စကားပြောဆိုခြင်းနှင့် အင်တာနက်အသုံးပြုခြင်းတို့အတွက် ပြည်သူအများစုသည် စိတ်လိုက်ကိုယ်ပါအသုံးမပြုနိုင်ဘဲ အချိန်အနည်းငယ်သာ ပြောဆိုသုံးစွဲမှုများရှိနေကြရသည်။

"လက်ကိုင်ဖုန်းနဲ့ အင်တာနက် အသုံးပြုနေတဲ့အချိန်မှာ ငွေကုန်ကျမှုအတွက် စိုးရိမ်စရာမရှိနိုင်တဲ့နှုန်းထားနဲ့ ကျွန်တော်တို့ တယ်လီနောက ဝန်ဆောင်မှုပေးသွားမှာပါ။ လက်ကိုင်ဖုန်းသုံးစွဲသူတိုင်း အင်တာနက်ကို စိတ်အေးချမ်းသာစွာအသုံးပြုနိုင်မှာပါ" ဟု Mr. Petter Furbers က ပြောသည်။

တယ်လီနောသည် မြန်မာနိုင်ငံတွင် မြန်နှုန်းမြင့်အင်တာနက်စနစ်ကို အသုံးပြုနိုင်ရန် ကြိုးစားနေပြီး မြန်မာနိုင်ငံတစ်ဝန်း တာဝါတိုင်ပေါင်း ၈၀၀ နှင့် ၁၀၀၀ ကြား ထူထောင်သွားရန် စီစဉ်နေပြီဖြစ်သည်။ သို့သော်လည်း ယင်းဆက်သွယ်ရေး တာဝါတိုင်များ ထူထောင်ရာတွင် အခက်အခဲတစ်ရပ်မှာ မြေနေရာရှာဖွေနေရခြင်းဖြစ်သည်။

တယ်လီနောသည် 3G ကွန်ရက်နှင့်အတူ 2G ကွန်ရက်များကို စတင်ဝန်ဆောင်မှုများပေးရန် စီစဉ်နေသည်။ 2G သည် ပုံမှန်အသုံးပြုနေသော အီးမေးလ်နှင့် ဖေ့စ်ဘွတ်ခ်တို့အပြင် အခြား Application များကို အသုံးပြုနိုင်ပြီး 3G ကွန်ရက်မှာ ဗီဒီယိုစနစ်ဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။ တယ်လီနောသည် အင်တာနက်စနစ် တွဲဖက်ပါသော ဆင်းကတ်များကို ရောင်းချရာတွင် အသုံးပြုသည့်အခါ အဆင်ပြေမည့် ဟန်းဆက်များကိုလည်း ရောင်းချသွားရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လောလောဆယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလည်း နိုင်ငံတစ်ဝန်းသို့ ၂၀၁၃ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် ဧပြီလအထိ တန်ဖိုးနည်း CDMA 800 MHz တယ်လီဖုန်း၂၄၉၀၀၀၀၊ GSM တယ်လီဖုန်း ၁၅၄၉၇၀၀နှင့် WCDMA တယ်လီဖုန်း၆၁၀၃၀၀ စုစုပေါင်းတန်ဖိုးနည်းတယ်လီဖုန်း ၄ ဒသမ ၆၅ သန်း ရောင်းချပေးနိုင်ခဲ့ပြီဖြစ်သည်။ ယင်းတယ်လီဖုန်းများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း မိုဘိုင်းတယ်လီဖုန်းပေါင်း ၈ ဒသမ ၄၅ သန်းကျော်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရောင်းချပေးနိုင်ခဲ့ရာ ပြည်သူအများအပြား မိုဘိုင်းဖုန်းများ ဈေးနှုန်းသက်သာစွာဖြင့် သုံးစွဲနိုင်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

နိုင်ဂျီးရီးယားတွင် လူပေါင်း ၁၁၈ ဦး သေဆုံးခဲ့ရသော ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

ဂျို့စ် မေ ၂၁

အနည်းဆုံးလူ ၁၁၈ ဦး သေဆုံးခဲ့ရသော ဂျို့စ်မြို့လယ် ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဂျိုနသန်က စိုးရိမ်ပူပန်လျက်ရှိသည်။

ဤဗုံးခွဲ တိုက်ခိုက်မှုများသည် ယုတ်မာရိုင်းစိုင်းသော တိုက်ခိုက်မှုများဖြစ်ကြောင်း၊ ဆေးရုံနှင့် လူစည်ကားရာဈေးကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သော အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံပျက် အုတ်ကျိုးအုတ်ပဲ့များအောက်တွင် သေဆုံးသူများ၏ ရုပ်အလောင်းများ ရှိနေဆဲဖြစ်ကြောင်း သမ္မတက ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် အစ္စလမ်မစ်ဘိုကိုဟာရမ် စစ်သွေးကြွအုပ်စု၏ စိန်ခေါ်မှုကို ရင်ဆိုင်နေရသည်။ ပြီးခဲ့သည့်လက ဘိုကိုဟာရမ်အဖွဲ့သည် ချီဘော့မြို့ အရှေ့မြောက်ပိုင်းရှိ ကျောင်းများမှ ကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲသွားသည်။ နိုင်ဂျီးရီးယားသမ္မတက သူ့အနေဖြင့် နိုင်ငံလုံခြုံရေးကို ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းမရှိဟု ဝေဖန်ခံနေရသော်လည်း အကြမ်းဖက်ဝါဒကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အင်္ဂါနေ့ တိုက်ခိုက်မှုများသည် လွတ်လပ်စွာနေထိုင်သောလူမှုအဖွဲ့အစည်းကို ရက်စက်ယုတ်မာသော အကြံနှင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတဂျိုနသန်က ထောက်ပြသည်။ သူက စစ်သွေးကြွများအား ကိုင်တွယ်ရန်အစီအမံများ တိုးချဲ့သွားမည်ဟု ကြေညာလိုက်သည်။ ချတ်၊ နိုင်ဂျာ၊ ကင်မရွန်းနှင့် နိုင်ဂျီးနီးယားနိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ရဲတပ်ဖွဲ့ဖြင့် လုံခြုံရေးအစီအမံများ တိုးချဲ့သွားမည်ဟု ဆိုသည်။

ဂျို့စ်မြို့၌ ပေါက်ကွဲခဲ့သည့် ဒုတိယဗုံးမှာ ပထမဗုံးပေါက်ကွဲပြီး ကယ်ဆယ်ရေးအဖွဲ့များ အလုပ်များနေချိန် နာရီဝက်အကြာ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

"အဲဒီတိုက်ခိုက်မှုကြီးက ကြောက်မက်ဖွယ် ရန်လိုတိုက်ခိုက်မှုကြီးဖြစ်ပါတယ်"ဟု စတီဖန်နိုဖောင်ဒေးရှင်းမှ မတ်လစ်ပတိုဆိုသူက ပြောသည်။ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် လူ့ခန္ဓာကိုယ် မီးလောင်ညှော်နံ့များ ပြင်းထန်စွာ လေထဲတွင်လွင့်ပျံ့နေကြောင်း ၎င်းက ပြောသည်။

ဗုံးခွဲ တိုက်ခိုက်မှုများအတွင်း သေဆုံးနေမှုများ၊ ခြေပြတ်၊ လက်ပြတ်ဖြင့် ပြင်းထန်စွာဒဏ်ရာရရသူအများအပြားကို တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။ ယင်းတိုက်ခိုက်မှုကို ရှစ်နာရီကြာအောင် ထိန်းချုပ်ခဲ့ရသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

လက်ဘနွန်နိုင်ငံရောက် ဒုက္ခသည်များ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အခက်အခဲကြုံတွေ့

အော်စလို မေ ၂၁

အရေးပေါ် ဆေးဝါးကုသမှုခံယူရန် လိုအပ်လျက်ရှိသော လက်ဘနွန်နိုင်ငံရောက် ဆီးရီးယားဒုက္ခသည်များစွာတို့သည် နိုင်ငံတကာ အကူအညီအထောက်အပံ့ ချန်လှပ်ခံရလျက်ရှိနေကြောင်း၊ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောကြားသည်။

နောက်ဆုံး ထုတ်ပြန်ခဲ့သော သတင်းအရ ဆီးရီးယားဒုက္ခသည်အချို့သည် ဆေးကုသမှုရရှိရေးအတွက် ကြံရာမရဖြစ်ကာ ဆီးရီးယားသို့ ပြန်ကြသူများပင်ရှိသည်ဟု သိရသည်။

ဆီးရီးယားနိုင်ငံသားဦးရေ တစ်သန်းကျော်တို့သည် နိုင်ငံအတွင်း ပဋိပက္ခလွတ်မြောက်ရေးအတွက် လက်ဘနွန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ကုလသမဂ္ဂပြောကြားချက်အရ လက်ရှိတွင် တရားဝင် ဆီးရီးယားဒုက္ခသည် ဦးရေမှာ ၂ ဒသမ ၇ သန်းရှိပြီး အရေအတွက်မှာ နောက်ထပ် တိုးလာနေဆဲဖြစ်သည်။

တူရကီ၊ ဂျော်ဒန်၊ အီရန်၊ အီဂျစ်တို့သို့ ထွက်ပြေးဒုက္ခသည်များ ရှိသော်လည်း လက်ဘနွန်ရောက် ဒုက္ခသည်ဦးရေမှာ အများဆုံးဖြစ်သည်။

ပြီးခဲ့သည့် မတ်လက လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးက မိမိတို့နိုင်ငံသည် ဒုက္ခသည်များ လက်ခံထားရမှု အကျပ်အတည်း ကြုံတွေ့နေရသည်ဟု ဆိုခဲ့သည်။

၂၀၁၄ ခုနှစ်အတွက် ဆီးရီးယားဒုက္ခသည်များထံ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံရရှိရေး ကုလသမဂ္ဂက နိုင်ငံတကာအလှူရှင်များထံတွင် မေတ္တာရပ်ခံခဲ့သော်လည်း လက်ရှိတွင်မူ မေတ္တာရပ်ခံထားမှု ပမာဏ၏ ၂၄ ရာခိုင်နှုန်းသာ ရရှိထားသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အစီရင်ခံစာအရ လက်ဘနွန်နိုင်ငံရောက် ဆီးရီးယားဒုက္ခသည်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်မှာ ဒုက္ခသည်များ ရပိုင်ခွင့် ဆေးဝါးစောင့်ရှောက်မှုအဆင့်အတန်းများမှ အလွန်ဆိုးဆိုးရွားရွား ကွာဟလျက်ရှိသည်ဟု ဆိုသည်။

ယင်းအစီရင်ခံစာတွင် လက်ဘနွန်နိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ဈေးမြင့်မားလွန်းသဖြင့် ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီနှင့် (UNHCR)တို့ထံမှ အထောက်အပံ့ကို မှီခိုနေရသော ဒုက္ခသည်များအတွက် များစွာအခက်အခဲဖြစ်နေရသည်ဟု ဖော်ပြသည်။ **(ဘီဘီစီ)**

ပါကစ္စတန်လေကြောင်းတိုက်ခိုက်မှုစစ်ဆင်ရေး စစ်သွေးကြွ ၃၂ ဦးထက်မနည်းသေဆုံး

ကရာချိ မေ ၂၁

ဝါဇီရစ္စတန် မြောက်ပိုင်း၌ ပါကစ္စတန်လေကြောင်း တိုက်ခိုက်မှုစစ်ဆင်ရေးများကြောင့် အဓိကတပ်မမှူးများအပါအဝင် စစ်သွေးကြွ ၃၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

အာဖဂန်နယ်စပ်အနီး လေကြောင်းတိုက်ခိုက်မှုများသည် မည်သည့်အဖွဲ့အစည်းကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အတိအကျဖော်ပြခဲ့ခြင်းမရှိပေ။

ပါကစ္စတန်ထောင်ပေါင်းများစွာသည် တာလီဘန်စစ်သွေးကြွများ၏ ၂၀၀၇ ခုနှစ် အစိုးရဌာနချုပ်ရုံးကို ဆန့်ကျင်သော စစ်ဆင်ရေးစတင်ခဲ့ကတည်းက ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည်။

အစိုးရဘက်ကလည်း စစ်သွေးကြွများကို စစ်ဆင်ရေးများပြုလုပ်ခဲ့သော်လည်း ယခုအခါ ၎င်းစစ်သွေးကြွအုပ်စုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။

လေကြောင်း တိုက်ခိုက်မှုများ မပြုလုပ်မီကတည်းက စစ်သွေးကြွများနှင့် ၎င်းတို့၏ထိပ်တန်းတပ်မမှူးများ ပုန်းအောင်းနေသည့်နေရာများ၏ လျှို့ဝှက်သတင်းအချက်အလက်များကို ရရှိခဲ့ပြီဖြစ်ကြောင်း မီရန်ရှားရှိ ထိပ်တန်းစစ်ဘက်အရာရှိ၏ ပြောကြားချက်ကို ရိုက်တာက ကိုးကား ဖော်ပြခဲ့သည်။ **(ဘီဘီစီ)**

တောင်ဆူဒန်အငတ်ဘေးကူညီရန် ဒေါ်လာသန်း ၆၀၀ ကျော် ကတိကဝတ်ပြု

အော်စလို မေ ၂၁

အမေရိကန်နှင့် ယူကေတို့ ပါဝင်သော အလှူရှင်နိုင်ငံများက နော်ဝေ၌ ကျင်းပသော တောင်ဆူဒန်အကူအညီပေးရေး ကွန်ဖရင့်၌ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် အကူအညီပေးရန် ကတိကဝတ်ပြု ပြောဆိုလိုက်သည်။

အဆိုပါ အကူအညီသည် သန်းပေါင်းများစွာသော ပြည်သူတို့ အငတ်ဘေးနှင့် ရင်ဆိုင်နေရမှုကို ကူညီရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံပြည့်မီရန် ရည်မှန်းထားကြောင်း ကုလသမဂ္ဂက ပြောသည်။

အဆိုပါ အကူအညီသည် စစ်ကြောင့် ပျက်စီးယိုယွင်းနေသောနိုင်ငံ၌ ငတ်မွတ်ခေါင်းပါးမှု ကပ်ဆိုးကြီးမှ ကယ်တင်ပေးနိုင်ဖွယ် ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ အကြီးအကဲ ဗယ်လာရီအာမို့စ်က ပြောသည်။ ဒီဇင်ဘာလက တိုက်ပွဲများဖြစ်ပြီးကတည်းက လူပေါင်း တစ်သန်းကျော် နေအိမ်စွန့်ခွာပြေးခဲ့ကြရသည်ဟု ဆိုသည်။

သမ္မတ ဆဲလ်ဗာကီယာနှင့် ရာထူးမှဖယ်ရှားခံရသည့် ဒုတိယသမ္မတ ရီခ်မာချာတို့အကြား နိုင်ငံရေးအငြင်းပွားမှုမှ စတင်ခဲ့သည့် ယင်းအကျပ်အတည်းအတွင်း ထောင်ပေါင်းများစွာသော ပြည်သူများ သေဆုံးခဲ့ရသည်။

ပဋိပက္ခကြောင့် လူများထွက်ပြေးခဲ့ရသဖြင့် စိုက်ပျိုးရန်မဖြစ်တော့ဘဲ အစာရေစာလိုအပ်ချက် မြင့်တက်လာကြောင်း အကူအညီပေးရေးကျွမ်းကျင်သူများက ပြောသည်။

တောင်ဆူဒန်ရှိ လူပေါင်းလေးသန်းနီးပါးသည် စားနပ်ရိက္ခာလိုအပ်ချက် ကြီးမားလာနေကြောင်း ကုလသမဂ္ဂထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မိုးမကျမီ အငတ်ဘေးကပ်ဆိုးကြီးမှ ရုန်းထွက်ရန် အခွင့်အလမ်း အနည်းငယ်သာရှိကြောင်း ကုလသမဂ္ဂလူသား ချင်းစာနာမှုဆိုင် ရာ ညှိနှိုင်းရေးမှူး အာမို့စ်က ပြောသည်။

အဆိုပါ အကူအညီပေးရေး အစီအစဉ်သစ်ကို မေ ၂၀ ရက်က အော်စလိုမြို့၌ ကျင်းပခဲ့ရာ ဗြိတိန်အစိုးရက ဒေါ်လာသန်း ၁၀၀၊ အမေရိကန်မှ သန်း ၃၀၀ နီးပါးနှင့် အီးယူမှ ၇၅ သန်း အပါအဝင် စုစုပေါင်းဒေါ်လာ သန်း ၆၀၀ ကျော် လှူဒါန်းသွားမည်ဟု ဆိုသည်။ ယင်းသန်း ၆၀၀ ကို မူလက သဘောတူထားသည့် အမေရိကန်ဒေါ်လာ ၅၃၆ သန်းတွင် ထပ်မံပေါင်းထည့်မည်ဖြစ်သည်။ တောင်ဆူဒန်နိုင်ငံသည် ၂၀၁၁ ခုနှစ်က ဆူဒန်မှ လွတ်လပ်ရေးရခဲ့သည့် ကမ္ဘာ့အသစ်စက်စက်နိုင်ငံဖြစ်သည်။ **(ဘီဘီစီ)**

ထိုင်းဦးစီးချုပ် နိုင်ငံရေးသမားများနှင့် တွေ့မည်

ဗန်ကောက် မေ ၂၁

ထိုင်းကြည်းတပ်ဦးစီးချုပ်က မာရှယ်လော ကြေညာပြီး တစ်ရက်အကြာ နိုင်ငံရေးအကျပ်အတည်းတွင် ပါဝင်သည့် အဓိကပလေယာများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဗိုလ်ချုပ်ကြီး ပရာယုတ်ချန်-အိုချာက အစိုးရ၊ လွှတ်တော်နှင့် အဓိကဆန္ဒပြပြိုင်ဘက်နှစ်ခုတို့ကို တွေ့ဆုံဆွေးနွေးရန် တောင်းဆိုလိုက်သည်။ မေ ၂၀ ရက်တွင် ယာယီဝန်ကြီးချုပ်က စစ်တပ်အား ငြိမ်းချမ်းစွာကိုင်တွယ်ဆောင်ရွက်ရန် မေတ္တာရပ်ခံလိုက်သည်။ ရွေးကောက်ပွဲကိုလည်း လာမည့် ဩဂုတ်လတွင် ကျင်းပရန် ၎င်းက တိုက်တွန်းနှိုးဆော်လိုက်သည်။ **(ဘီဘီစီ)**

(၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးမှ လမ်းညွှန်ချက်တစ်ရပ်အဖြစ်လုပ်ဆောင်မည့် သုံးနှစ်လုပ်ငန်းစဉ် (၂၀၁၄-၂၀၁၆) ချမှတ်

နေပြည်တော် မေ ၂၁

(၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးကို မေ ၂၀ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကိုထုတ်ပြန်ခဲ့ပြီး အဆိုပါသတင်းထုတ်ပြန်ချက်တွင် (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး၏ လှုပ်ရှားဆောင်ရွက်မှုများကို ဦးစားပေး ဆောင်ရွက်ရာတွင် လမ်းညွှန်ချက်တစ်ရပ်အဖြစ် လုပ်ဆောင်မည့် သုံးနှစ်လုပ်ငန်းစဉ် (၂၀၁၄-၂၀၁၆) ကို ချမှတ်မည်။

အာဆီယံကာကွယ်ရေးဝန်ကြီးအစည်းအဝေးတစ်ရပ်နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး+ (အပေါင်း)ကို တည်ထောင်ရန်အတွက် Additional Protocol to the Concept Papers ကို ချမှတ်မည်။

စေ့စပ်ညှိနှိုင်း

အစဉ်အလာမဟုတ်သော နယ်စပ်ဖြတ်ကျော်လုံခြုံရေးကိစ္စများတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် စေ့စပ်ညှိနှိုင်းရေးယန္တရားများ ဖွဲ့စည်းမည်။

ဒေသတွင်း သက်ရောက်နိုင်သော ကာကွယ်ရေးနှင့် လုံခြုံရေးပြဿနာများ၊ မဟာဗျူဟာဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံနှင့်အပေါင်း နိုင်ငံများအကြား ချစ်ခင်ရင်းနှီးမှု ပို၍ တိုးမြှင့်သွားမည်။ ယင်းမှတစ်ဆင့် ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို မြှင့်တင်နိုင်မည်ဖြစ်သည် စသည်ဖြင့် ပါရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အနာဂတ်အလားအလာနှင့် အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုပြဿနာများအကြောင်း

အင်တာဗျူး-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

ဦးမောင်မောင်နှင့် တွေ့ဆုံခြင်း

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းပြီး ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ အလုပ်သမားများ၏ အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရန်၊ အလုပ်သမားများအချင်းချင်း အကြား၊ အလုပ်ရှင်နှင့်အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် အလုပ်သမားအဖွဲ့အစည်းဥပဒေသစ်ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအလုပ်သမားရေးရာကိစ္စများဆောင်ရွက်နေသူ ဦးမောင်မောင်အား လက်ရှိဖြစ်ပေါ်နေသော အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများအပေါ် အဖြေရှာခြင်းနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာပါက ကြုံတွေ့ရမည့် မြန်မာနိုင်ငံ၏စီးပွားရေးအလားအလာများကို တွေ့ဆုံမေးမြန်းခဲ့သည်-

မေး။ ။ အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်လာပြီဆိုရင် အလုပ်ရှင်နဲ့ အလုပ်သမားတွေမှာ ဘယ်လို အခက်အခဲတွေရှိလာနိုင်မလဲ။

ဖြေ။ ။ အဆိုးဆုံးဖြစ်နိုင်တဲ့ အခြေအနေလို့လည်း ပြောနိုင်တယ်။ အခက်အခဲကတော့ လူမှုရေးအသိုက်အဝန်းတစ်ခုလုံးကြုံရမှာပါ။ အလုပ်ရှင်ရော၊ အလုပ်သမားရော၊ အစိုးရရောကြုံနိုင်တယ်။ အစိုးရဘက်ကပဲပြင်ပြီး အလုပ်ရှင်နဲ့အလုပ်သမားတွေက နောက်ကမပါရင် နိုင်ငံထဲကို ရင်းနှီးမြှုပ်နှံမှုတွေ ဝင်မလာနိုင်ဘူး။ အခြားအာဆီယံနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေဝင်သွားခဲ့

လူတွေက များသောအားဖြင့် အခွင့်အရေးကို ပြောတာများတယ်။ တာဝန်ဆိုတာလည်း ရှိပါတယ်။ အလုပ်သမားသမဂ္ဂဆိုတာ လွတ်လပ်ဖို့လိုတယ်။ ဒီမိုကရေစီကျတဲ့ စုဖွဲ့မှုဖြစ်ဖို့လိုတယ်။ ကိုယ်ကိုယ်တိုင်ပါဝင်ပတ်သက်နေမှ ဒီမိုကရေစီကျမယ်။ အလုပ်သမားတွေက ဆန္ဒပြမယ်ကွာဆိုပြီး လုပ်နေမယ်ဆိုရင် မဟုတ်သေးဘူး။

ရင် မြန်မာလုပ်သားတွေအနေနဲ့ အဲဒီနိုင်ငံတွေမှာ ရွှေ့ပြောင်းလုပ်သားတွေပဲ သွားဖြစ်နေရမှာပဲ။ ဝင်လာတဲ့ရင်းနှီးမြှုပ်နှံမှုတွေကို တာရှည်ထိန်းထားနိုင်အောင် ဘယ်လိုလုပ်မလဲဆိုတာကလည်း အရေးကြီးတယ်။ သတိထားကြည့်ရင်တော့ တွေ့လိမ့်မယ်၊ ဘင်္ဂလားဒေ့ရှ်မှာ မကြာခဏ တိုက်တွေပြိုတော့ အထည်ချုပ်ရင်းနှီးမြှုပ်နှံသူတွေပြေးတယ်၊ ဘာလို့လဲဆိုတော့ အလုပ်သမားတွေကို ပြန်မကြည့်ဘဲ စီးပွားရေးလုပ်ကိုင်တယ်ဆိုပြီးပြေးတာ။ ဘင်္ဂလားဒေ့ရှ်တွင် လုပ်သည်ဆိုတဲ့ စာတန်းပါတာနဲ့ကို ဈေးကွက်က မဝယ်တော့ဘူး။ အဲ့ဒီမှာ ရင်းနှီးမြှုပ်နှံသူတွေက မြန်မာပြည်မှာဈေးကွက်ချဲ့ထွင်ချင်ပေမယ့် အဆင်သင့်ဖြစ်ပြီလားဆိုတဲ့ မေးခွန်းထုတ်စရာရှိတယ်။ အရည်အသွေးတင်မကဘူး အခြေခံအဆောက်အအုံတစ်ခုလုံးပြင်မှပဲ အာဆီယံစံနှုန်းကိုဝင်မယ်။ ရင်းနှီးမြှုပ်နှံမှု ဝင်လာပြီးရင် ထွက်မသွားအောင် ချိတ်ထားဖို့လိုတယ်။ တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်း (CSR) ဖြစ်ဖို့လည်း လိုတယ်။

မေး။ ။ နိုင်ငံရေးအပြောင်းအလဲကတော့ ဖြစ်လာပြီ။ ဒီလိုပွင့်လင်းလာတဲ့ နိုင်ငံတစ်ခုမှာ အလုပ်သမားရော အလုပ်ရှင်ပါ ကြုံတွေ့နိုင်မယ့် အခက်အခဲတွေက..။

ဖြေ။ ။ ကျွန်တော်တို့ကတော့ စိတ်ပူတာပေါ့။ စိတ်ပူတာက နိုင်ငံရေးပြောင်းလဲလို့မဟုတ်ဘူး။ စီးပွားရေးအပြောင်းအလဲက ကျွန်တော်တို့ ဘယ်မှာ တွေ့မလဲဆိုတော့ အာဆီယံ integration မှာ တွေ့မယ်။ ၂၀၁၅ အာဆီယံ Integration မှာ မြန်မာက ဘယ်လောက်ထိ အဆင်သင့်ဖြစ်ပြီလဲ၊ အလုပ်ရှင်လည်း ပြင်ဆင်ဖို့လိုတယ်။ အလုပ်သမားလည်း ပြင်ဆင်ဖို့လိုတယ်။ အစိုးရလည်း ပြင်ဆင်ဖို့လိုတယ်။

အာဆီယံ Integration မှာ အခွန်မရှိတော့ဘူးဆိုရင် ကျွန်တော်တို့တစ်တွေရဲ့ အထည်ချုပ်လုပ်ငန်းက ထိုင်းနိုင်ငံကို အကုန်လုံး ရွှေ့သွားမှာလား။ ဗီယက်နမ်ကို ရွှေ့သွားမှာလား။ မဟုတ်ရင်လည်း အထည်ချုပ်လုပ်ငန်းအားလုံးက မြန်မာကို ရောက်လာမှာလား။ ဒါတွေကို မသိနိုင်ဘူး။ စပါးဈေးကွက်ဆိုလည်း လယ်သမားတွေ အခုကြုံတွေ့နေရတဲ့ မြေကြီးအခက်အခဲ၊ မျိုးစေ့အခက်အခဲကြောင့် ထိုင်းကို ကျွန်တော်တို့တစ်တွေ စပါးဈေးကွက်ရွှေ့သွားမလား။ ဘယ်သူမှမသိနိုင်ဘူး။ ဒါတွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ကြိုတင်ပြင်ဆင်မှု၊ သက်ဆိုင်ရာအလုပ်သမားတွေအတွက် စိတ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အများကြီးလိုတယ်။ စီးပွားရေးက ကိုယ်တစ်ယောက်တည်း မောင်းနေလို့မရဘူးလေ။ ကိုယ့်အင်ဂျင်ဘယ်လောက်ကောင်းကောင်း ပတ်ဝန်းကျင်ပေါ်မူတည်သေးတာကိုး။ ဒါတွေအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုတွေအများကြီး လုပ်ဖို့ လိုမယ်လို့ ထင်တယ်။

နောက်တစ်ခုက ဘီလီယံချီ ရင်းနှီးမြှုပ်နှံမှုရှိနေတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေဝင်လာရင် ငါတို့ခံနိုင်ပါ့မလား။ seven-eleven လို ကုန်တိုက်ကြီးတွေ ဝင်လာရင် ဒီမှာ ကွမ်းယာဆိုင်တွေကအစ ပြုတ်ကုန်မယ်။ ကြောက်စရာအဆင့်တွေကိုပြောနေတာ။ ဒီလိုဆိုရင် မြန်မာပြည်မှာရှိတဲ့ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းတွေက ဘာဖြစ်ကုန်မလဲ။ ပြင်ဆင်မှုတွေလုပ်ဖို့လိုပြီဆိုတာကို ပြနေတာ။

မြန်မာနိုင်ငံ အလုပ်သမားရေးရာ ကိစ္စများ ဆောင်ရွက်နေသူ ဦးမောင်မောင် ရှင်းလင်းပြောကြားစဉ်။

အခုက အလုပ်ရှင်တွေကိုယ်တိုင်ကိုက မပြောင်းကြတာ အများကြီးပဲ။ အလုပ်ရှင် အလုပ်သမားဆက်ဆံရေးမကောင်းရင် နိုင်ငံခြားကဝင်လာတဲ့ရင်းနှီးမြှုပ်နှံမှုကို ရမှာမဟုတ်ဘူး။ တာရှည်ခိုင်ခံ့တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်မှာမဟုတ်ဘူး။ နံပါတ်(၁)အချက်က အမြဲတမ်းပြဿနာတက်နေတယ်။ ဆန္ဒပြနေတယ်ဆိုတဲ့ အနေအထားမျိုးပဲရှိနေရင် ဘယ်ရင်းနှီးမြှုပ်နှံမှုမှလာမှာမဟုတ်ဘူး။ (၂) အချက်က အနည်းဆုံးလုပ်ခလစာငွေ ထွက်တော့မယ်။ ဒါကို သုံးဖက်စလုံးက နားလည်ဖို့လိုတယ်။ အစိုးရကတော့တဖြည်းဖြည်းလုပ်နေပြီ။ အနိမ့်ဆုံးလုပ်ခလစာ (minimum wage) နဲ့ ကျွန်တော်တို့ရနေတဲ့လစာ (salary) ကွာတယ်ဆိုတာကိုလည်း သိဖို့လိုတယ်။ အများကြီးတော့ ဘယ်ပေးနိုင်မလဲ။ ဒီအပေါ်မှာမူတည်ပြီး စေ့စပ်ဆွေးနွေးမှုတွေလုပ်ရမယ်။ salary ဆိုတာက minimum wage အပေါ်မူတည်ပြီး အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းမှုတွေ လုပ်ရမှာ။ ဒါပေမယ့် ဒီလိုစေ့စပ်ညှိနှိုင်းမှုလုပ်ဖို့ အလုပ်ရှင်က လာမထိုင်ဘူးဆိုရင် ပြဿနာရှိတယ်။

မေး။ ။ လက်ရှိ ဦးမောင်မောင်တို့ရဲ့ဆောင်ရွက်ချက်တွေကို သိချင်ပါတယ်။

ဖြေ။ ။ အခြေခံအလုပ်သမားသမဂ္ဂတွေဖွဲ့စည်းပေးတာရှိတယ်။ သင်တန်းတွေ ပေးတာတွေရှိတယ်။ ဖျန်ဖြေရေးနဲ့ပတ်သက်ရင် ဆွေးနွေးမှုတွေလုပ်ပေးတာတွေရှိတယ်။ အစိုးရပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်လုပ်လိုက်ရင် World Bank တို့၊ IMF တို့က ကြိုက်တာပေါ့။ အလုပ်သမားတွေ အလုပ်ပြုတ်ပြီး ဆန္ဒပြတော့ အလုပ်သမားဝန်ကြီးဌာနက အထုခံရရော။ အဲဒါတွေကို

တစ်ခုခုဖြစ်တာနဲ့ လမ်းပေါ်ထွက်မယ်။ ဆန္ဒပြမယ်ဆိုတာကြီးကတော့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူး ဆိုတာမျိုး ဆွေးနွေးတာပေါ့။

ကျွန်တော်တို့က အလုပ်သမားတွေကို ဘယ်လိုမြင်ရမလဲ၊ ဘယ်လိုပြင်ရမလဲဆိုတာတွေ သိဖို့လိုအပ်တဲ့အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးတယ်။ ပြီးရင် အခြေခံအလုပ်သမားသမဂ္ဂသင်တန်းတွေပေးတယ်။

လူတွေက များသောအားဖြင့် အခွင့်အရေးကို ပြောတာများတယ်။ တာဝန်ဆိုတာလည်း ရှိပါတယ်။ အလုပ်သမားသမဂ္ဂဆိုတာ လွတ်လပ်ဖို့လိုတယ်။ ဒီမိုကရေစီကျတဲ့ စုဖွဲ့မှုဖြစ်ဖို့လိုတယ်။ ကိုယ်ကိုယ်တိုင်ပါဝင်ပတ်သက်နေမှ ဒီမိုကရေစီ ကျမယ်။ အလုပ်သမားတွေက ဆန္ဒပြမယ်ကွာဆိုပြီး လုပ်နေမယ်ဆိုရင် မဟုတ်သေးဘူး။ ဒီတော့ အစိုးရကထုတ်ပြန်ထားတဲ့ ဖျန်ဖြေရေးနဲ့ဆိုင်တဲ့ စာအုပ်စာတမ်းတွေကို ဖတ်ဖို့လိုတယ်။ အလုပ်သမားတွေက စာဖတ်အားနည်းတယ်။ တစ်ချိန်လုံး အလုပ်ကိုလုပ်နေရတယ်။ အချိန်ပို လုပ်နေရတယ်။ ဒီတော့ စာမဖတ်ဘူး။ ဒီတော့ သင်တန်းတွေပေးတယ်။ ဒါတွေကတော့ နေ့စဉ်လုပ်နေရတဲ့အလုပ်တွေပါ။

မေး။ ။ လုပ်ငန်းရှင်တွေဘက်က တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်း (CSR)ကို အတိအကျမလိုက်နာဘူးဆိုရင် စီးပွားရေးမှာရလာနိုင်တဲ့ အကျိုးသက်ရောက်မှုက ဘာဖြစ်နိုင်မလဲ။

ဖြေ။ ။ တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်း (CSR) နဲ့ပတ်သက်ပြီး အခု မြန်မာနိုင်ငံရဲ့ CSR က တကယ်လက်တွေ့လုပ်ဆောင်တာနည်းသေးလို့ အလုပ်သမားနဲ့ အလုပ်ရှင်ပြဿနာတွေဖြစ်နေရတာ။ တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်းမဟုတ်ဘူးဆိုရင်တော့ သူတို့ကိုယ်သူတို့ပဲ အရေးယူခံရမှာ။ တကယ်တမ်းအလုပ်ခွင်ထဲမှာ CSR ကို နိုင်ငံတကာစံနှုန်းအတိုင်း မပြည့်ရင် ထုတ်ကုန်တွေကို မြန်မာပြည်တွင်းမှာပဲ ရောင်းရလိမ့်မယ်။ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေက CSR မကောင်းရင် မဝယ်ဘူးဆိုတဲ့ သဘောတူညီချက်တွေကို စာချုပ်ထဲမှာ ထည့်ချုပ်ထားတယ်။

နိုင်ငံတကာ ဈေးကွက်က ဝင်မလာတာ မီးပျက်လို့ အခြေခံအဆောက်အအုံ (infrastructure) မကောင်းလို့ မလာတာလို့ လွယ်လွယ်ပဲပြောနေကြတယ်။ ဒီတော့ မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ CSR ကို နိုင်ငံတကာစံနှုန်းတွေအတိုင်း လေ့လာထားပြီး ရာခိုင်နှုန်း ၁၀၀ မပြည့်ရင်တောင် ၇၅ ရာခိုင်နှုန်းလောက်တော့ ဖြည့်ဆည်းပေးဖို့လိုတယ်။

မေး။ ။ ဒါဆိုရင် ဦးမောင်မောင်တို့က အလုပ်သမားကို ကိုယ်စားပြုထားတဲ့အဖွဲ့ဆိုတော့ မြန်မာပြည်ပြန်ဝင်လာချိန်ကစပြီး ဖြေရှင်းပေးခဲ့တဲ့ အလုပ်ရှင် အလုပ်သမားပြဿနာတွေမှာ အလုပ်သမားတွေဘက်ကနေ ရပ်တည်ပေးခဲ့တာပေါ့။

ဖြေ။ ။ အလုပ်သမားတွေဘက်ကနေ စေ့စပ်ဆွေးနွေးလို့ရတယ်ပေါ့။ ဒီဥစ္စာကြီးက ဆန္ဒပြဖို့ဆိုတာက မစဉ်းစားနဲ့ မဟုတ်ဘူး။ စဉ်းစားပါ။ သို့ပေမယ့် **တစ်ခုခုဖြစ်တာနဲ့ လမ်းပေါ်ထွက်မယ်။ ဆန္ဒပြမယ်ဆိုတာကြီးကတော့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူးဆိုတာမျိုး ဆွေးနွေးတာပေါ့။** ဘာလို့လဲဆိုတော့ အလုပ်ရှင်လည်း အလုပ်ပျက်တယ်။ ကိုယ်လည်း လခမရဘူး။ ဘာလို့လဲဆိုတော့ လုပ်ငန်းအပြင်ကို ထွက်ပြီဆိုကတည်းက လခပေးစရာအကြောင်းမရှိဘူး။ အလုပ်မလုပ်ရင် ပိုက်ဆံမရတာက အခြေခံသဘောပဲ။ အဲဒါကို ကိုယ်ကိုယ်တိုင်က နားလည်ရဲ့လား။

နောက်တစ်ခုက အားလုံးကရော တကယ်သဘောတူရဲ့လား။ ဆန္ဒပြပြီးမှ ကြောက်ပြီး ပြန်ဝင်သွားရင် ကိုယ့်တောင်းဆိုမှုက အထမမြောက်တော့ဘူး။ ဒါကြောင့်မို့လို့ စုပေါင်းပြီး ထုတ်ထားတဲ့ ဆုံးဖြတ်ချက်ရှိလား။ သမဂ္ဂမရှိရင်လည်း လိုင်းအလိုက်ဖြစ်စေ၊ section အလိုက်ဖြစ်စေ ကိုယ်စားပြုမယ့်သူ ခဏလာ။ လာပြီးတော့ ဆွေးနွေး။ ပြီးရင် တကယ်ပဲ ငါတို့က တောင်းဆိုလို့ မရတော့ဘူးလား။ တကယ်ပဲ ငါတို့က အလုပ်ရပ်ပြီးတော့ တောင်းဆိုဖို့အဆင့်ကိုရောက်ပြီလား ဆိုတာမျိုးကို သူတို့ကို ဆွေးနွေးပေးတာပေါ့။

မေး။ ။ ဆရာတို့ မြန်မာပြည်ကို အစိုးရသစ်ရဲ့ ဖိတ်ခေါ်မှုတွေနဲ့ ပြန်လာခဲ့တယ်ပေါ့။ အခုလက်ရှိ နိုင်ငံတော်အစိုးရအပေါ် ဆရာ့ရဲ့ အမြင်ပြောပေးပါဦး။

ဖြေ။ ။ အင်း. . . လက်ရှိအစိုးရကတော့ အပြောင်းအလဲကာလတစ်ခုကို သွားဖို့ ဦးတည်ပြီးလုပ်နေတယ်ဆိုတာ လက်ခံပါတယ်။ လက်ခံလို့လည်း ဝင်လာတာပေါ့။ လက်ခံလို့လည်း ကိုယ်တိုင်လုပ်နေတာပေါ့။ ကျွန်တော်တို့ မြင်တာက အစိုးရသစ်ရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုက တအားမြန်တယ်။ အဲ့ဒါကို လိုက်နိုင်ဖို့အတွက် (Social Economic Changes)လူမှုစီးပွား ပြုပြင်ပြောင်းလဲဖို့လိုတယ်။ အဲ့ဒါကိုတော့ သူတို့မလုပ်နိုင်သေးဘူးလို့ မြင်တယ်။ Political Level မှာ အကုန်လုံးကပြောင်းချင်တယ်။ အဲ့ဒီအောက်က ဝန်ထမ်းတွေက ဖြည်းဖြည်းပဲသွားနေတဲ့အချိန်က နှစ် ၄၀ လောက်ရှိနေတော့ မြန်မြန်လေးပြောင်းဖို့ကတော့ လူကြီးတွေလည်း ဦးနှောက်ခြောက်နိုင်မယ်လို့ ထင်တယ်။ အခု ဘာပဲပြောပြော ကချင်မှာ တိုက်ပွဲဖြစ်တယ်ဆိုပေမယ့် စကားပြောတာတော့ ပြောနေတာရှိတယ်။ ဒါဟာ တစ်ချိန်ချိန်မှာ စစ်ပွဲတွေ ရပ်သွားမှာပေါ့။ ဒါတွေကတော့ အရမ်းတိုးတက်လာတယ်လို့ ပြောရမယ်။ ဥပမာ KNU နယ်မြေ၊ DKBA နယ်မြေ၊ ကရင်ငြိမ်းချမ်းရေးနယ်မြေမှာ တော်တော်လေး ငြိမ်နေတာပဲ။ ဘာပဲဖြစ်ဖြစ် ချက်ချင်းအဆင်မပြေတာတော့ ရှိတာပေါ့။ ကျွန်တော်တို့လည်း အဆင်မပြေသေးဘူးလေ။ ကျွန်တော်တို့အဖွဲ့ဝင် ၄၀၀ ကျော်မှာ မှတ်ပုံတင်ရှိပြီး ကျွန်တော်တို့မှာ မှတ်ပုံတင်မရှိသေးဘူးလေ။

မေး။ ။ ဆရာတို့ရဲ့ လက်ရှိလုပ်ကိုင်ဆောင်ရွက်ပေးနေမှုနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး။

ဖြေ။ ။ အရင်က ပိတ်ပင်တားဆီးမှုတွေကျွန်တော်တို့က ဦးဆောင်ပြီး လုပ်ခဲ့တယ်။ လုပ်သင့်လုပ်ထိုက်တာကို စဉ်းစားပြီးတော့ လုပ်ရတဲ့ကိစ္စ။ ကျွန်တော်တို့က အလုပ်သမားသမဂ္ဂထူထောင်ချင်တာ။ အလုပ်သမားအခွင့်အရေးကို ပြောချင်တာ။ လယ်သမားအခွင့်အရေးကို ပြောချင်တာ။ လုပ်လို့ရရင် လုပ်လို့ရသလောက် လုပ်ပေးမှာပေါ့။ မနှစ်က ဂျပန်ကို အလုပ်သမား ကိုယ်စားလှယ် ၁၀ ဦး၊ စင်ကာပူကို ခြောက်ဦးလွှတ်ဖူးတယ်။ ဒီနှစ်လည်း ဂျပန်လယ်သမားအိမ်မှာ သွားနေကြည့်ဖို့ လယ်သမားခြောက်ဦးရွေးထားတယ်။ ပြောချင်တာက အလုပ်သမားတွေ ဒီလိုဖြစ်လာမှ ကိုယ့်ကိစ္စကိုယ်ပြောနိုင်မှာ။

စာမျက်နှာ ၇ ကော်လံ ၁သို့

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လှမ်းလာခဲ့ပါ အမျိုးသားစာကြည့်တိုက်ဆီ

ဆွေဆွေ
(အမျိုးသားစာကြည့်တိုက် နေပြည်တော်)

အမျိုးသားစာကြည့်တိုက်ဟူသည် နိုင်ငံတစ်နိုင်ငံတွင် အဆင့်မြင့်ဆုံး စာကြည့်တိုက်ဖြစ်ပါသည်။ နိုင်ငံ၏ အကြောင်းအရာအချက်အလက်များ၊ စာအုပ်စာတမ်းများ၊ တစ်မျိုးသားလုံး၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အစုံလင်ဆုံးစုဆောင်းထိန်းသိမ်းထားရာ ယဉ်ကျေးမှုဘဏ္ဍာတိုက်ကြီး ပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားစာကြည့်တိုက်သည်လည်း မြန်မာ့ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များမှသည် ယနေ့မျက်မှောက် ကာလစာပေနှင့် သတင်းအချက်အလက်များ၊ စာနယ်ဇင်းများကိုပါ စုဆောင်း ထိန်းသိမ်းဖြန့်ဖြူးရာ ဗဟိုဌာနကြီးဟုဆိုနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စာပေ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းနိုင်ငံအတွင်းစာပေပြန့်ပွားမှုပေါ် တွင်တည်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်တိုင်းသည်လည်း စာပေအသိပညာဗဟုသုတများ ပြန့်ပွားရေးအတွက် အဓိကကျသော အခန်း ကဏ္ဍမှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။ အမျိုးသားစာကြည့်တိုက်သည် သုတေသနပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ စာဖတ်သူများ လိုအပ် သောအချက်အလက်များကို စနစ်တကျစုဆောင်းထားရှိပြီး စာဖတ်သူများ အထောက်အပံ့ဖြစ်စေမည့် စာကြည့်တိုက်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေး ရာဌာနဖြစ်ပါသည်။ သုတေသီများ၊ စာဖတ်သူများ လိုအပ်သည့် သတင်း အချက်များကို တိုတောင်းသောအချိန်အတွင်း လွယ်ကူသက်သာအဆင် ပြေချောမွေ့စွာ ရှာဖွေတွေ့ရှိနိုင်စေမည်ဖြစ်ပြီး သုတေသနလုပ်ငန်းများပညာ ဗဟုသုတရှာမှီးခြင်း၊ သတင်းအချက်အလက် စုဆောင်းခြင်းလုပ်ငန်းများ တွင်ကျယ်လာစေရေးကို ရှေးရှုလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် အမျိုးသား စာကြည့်တိုက်(နေပြည်တော်)နှစ်ဌာနဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ယဉ်ကျေး မှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက် ဦးစီးဌာန၏ ဖွဲ့စည်းပုံအသစ်အရ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ကို ၂၀၁၀ပြည့်နှစ် ဇွန်လ ၃ ရက်တွင် အုတ်မြစ်ချပြီး ၂၀၁၃ ခုနှစ် မေလ ၃ ရက်နေ့တွင် ပထမဆောင်ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ နေပြည်တော် ကောင်စီ ဥတ္တရသီရိမြို့နယ်တွင် တည်ရှိသည်။ နိုဝင်ဘာလမှစတင်၍ အမျိုးသားစာကြည့်တိုက်များသည် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့် တိုက်ဦးစီးဌာနလက်အောက်သို့ ရောက်ရှိခဲ့သည်။

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏ ရည်ရွယ်ချက်များမှာ အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစာပေပစ္စည်းများ၊ ပြည်တွင်း ပြည်ပမှ ထုတ်ဝေသောပုံနှိပ်စာများ၊ နိုင်ငံတကာမှထုတ်ဝေသော မြန်မာနိုင်ငံ နှင့် တိုင်းရင်းသားလူမျိုးများဆိုင်ရာစာစုနှင့် အရှေ့တောင်အာရှဆိုင်ရာ စာစု ကို ပြည့်စုံအောင်စုဆောင်း၍ အမျိုးသားစာပေစုအဖြစ် ထိန်းသိမ်းစောင့်ရှောက် ရန်၊ စုဆောင်းထားရှိသော စာပေပစ္စည်းများကို ပြည်တွင်းပြည်ပသုတေသီများ နှင့် ပြည်သူလူထုတစ်ရပ်လုံးရည်ညွှန်းကိုးကားအသုံးပြုနိုင်ရန်နှင့် တစ်နိုင်ငံလုံး ဆိုင်ရာ စာကြည့်တိုက်စနစ်ကို ဦးစီးဦးဆောင်ပြုရန်ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏ မျှော်မှန်းချက်မှာ "မြန်မာ နှင့် ကမ္ဘာ့စာပေအမွေအနှစ်များ စုဆောင်းထိန်းသိမ်းဝန်ဆောင်မှုပေးရာ ဗဟိုဌာနဖြစ်လာစေရန်" ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ စာပေအထောက်အထား မှတ်တမ်းများကို အင်္ဂါနေ့မှ စနေနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲ အထိ မည်သူမဆို အခမဲ့လာရောက်လေ့လာဖတ်ရှုနိုင်သည်။ စင်ဖွင့်စနစ်သုံး စာကြည့်တိုက်ဖြစ်၍ ပညာရပ်အလိုက် မျိုးတူပြုစုစင်တင်ထားရှိသော စာအုပ် များကို မိမိတို့ကိုယ်တိုင်စာအုပ်စင်များတွင် စိတ်ကြိုက်ရွေးချယ်ရှာဖွေ ဖတ်ရှုနိုင်မည်ဖြစ်သည်။ ၎င်းအပြင် ကွန်ပျူတာကတ်တလောက်စနစ် (Online Public Access Catalogue (OPAC)) စနစ်အသုံးပြု၍လည်း မြန်ဆန်တိကျစွာ ရှာဖွေနိုင်သည်။စာအုပ်စင်ရှိရာသို့ ကိုယ်တိုင်ဝင်ရောက်၍ ဖြစ်စေ၊ ကွန်ပျူတာကတ်တလောက်စနစ်အသုံးပြု၍ဖြစ်စေ မိမိတို့အလိုရှိရာ စာအုပ်စာတမ်းအချက်အလက်များကိုအချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ ရှာဖွေတွေ့ရှိနိုင်သည်။ စာရှာသူများစိတ်ကျေနပ်မှုရစေမည့် အခွင့်အရေး ပင်ဖြစ်သည်။ ကတ်တလောက်ကက်ဘိနက်တွင် အက္ခရာဝလိစီထားသော ကတ်တလောက်များ အသုံးပြု၍လည်း ရှာဖွေနိုင်ပါသည်။ အမျိုးသားစာကြည့် တိုက် (နေပြည်တော်)အတွက် စုဆောင်းထားရှိသော စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်များကို e-library Software တွင် Data ထည့်သွင်းနိုင်ရန်အတွက် ကုမ္ပဏီနှင့်ပူးပေါင်း၍ e-Library Management System Software ကို ရေးဆွဲထားပါသည်။ စာဖတ်သူများဖတ်လိုသည့် စာအုပ်များကို စာအုပ် အမည်၊ ရေးသူ၊ ပညာရပ်၊ တိုက်ပိုင်အမှတ်၊ ထုတ်ဝေသည့်စာအုပ်တိုက်၊ ထုတ်ဝေသည့်ခုနှစ်၊ အဓိကစကားလုံး ကြိုက်နှစ်သက်ရာဖြင့် ၎င်း Software တွင် ရှာ၍ဖတ်ရှုနိုင်အောင် စီစဉ်ထားရှိသည်။

အဆောင်(၁)ကို လုံခြုံရေးစစ်ဆေးသည့်နေရာ(Security Desk)၊ စာကြည့်တိုက်မှတ်ပုံတင်ကတ်ပြားပြုလုပ်ရာနေရာ (ID Desk),Locker, Online Public Access Catalogue (OPAC)စာငှားကောင်တာ၊ ရည်ညွှန်း စာအုပ်နှင့် အင်္ဂလိပ်စာအုပ်များအခန်း၊ ကလေးစာကြည့်တိုက်နှင့် စာဖတ်ခန်း၊ အထွေထွေစာဖတ်ခန်းနှင့် Current Publication, e-library, E-book Reading Room Server ခန်း၊ Books On Myanmar မြန်မာဘာသာ စာစု စာအုပ်များ၊ စာနယ်ဇင်းခန်း၊ ပေပုရပိုက်နှင့် စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး ဌာနစိတ်တို့ဖြင့် ဖွဲ့စည်းထားပါသည်။ စာစုဌာနစု၊ စာပြုဌာနစု၊ အင်/ယာဌာနစု၊ စီမံ/ဘဏ္ဍာ၊ လုံခြုံနယ်မြေဌာနစုတို့မှ လုပ်ငန်းများ လည်ပတ်စေရန်ဆောင်ရွက် နေပါသည်။

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ စာစုလုပ်ငန်းဌာနစုသည် ရောက်ရှိလာသောစာစုများကို မပျောက်ပျက်စေရန်စနစ်တကျစုဆောင်းထား ရှိပြီး စာဖတ်သူတို့လိုအပ်သော စာအုပ်များနှင့် လိုအင်ဆန္ဒကို ဖြည့်ဆည်းပေး ရပါသည်။ အမျိုးသားစာကြည့်တိုက်သည် "ပုံနှိပ်သူနှင့် မှတ်ပုံတင်သူများ မှတ်ပုံတင်ဥပဒေ" အရ တစ်နိုင်ငံလုံးထုတ်ဝေသော စာအုပ်၊ စာနယ်ဇင်း မှန်သမျှတစ်အုပ်စီအခမဲ့ရရှိ သိမ်းဆည်းထားပါသည်။ ထို့ပြင် စာအုပ်များကို ဝယ်ယူစုဆောင်းခြင်း၊ ပြည်တွင်းပြည်ပမှ လက်ဆောင်ရရှိခြင်း၊ လှူဒါန်းခြင်း နှင့် အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့စာကြည့်တိုက်များမှလည်း စာအုပ် လဲလှယ်ခြင်းတို့ဖြင့် စုဆောင်းပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ လွှဲပြောင်းပေးသော စာနယ်ဇင်း များအပါအဝင် စာအုပ်၊ စာနယ်ဇင်း၊ ဘွဲ့ယူကျမ်း၊ Books On Myanmar နှင့် စာပေပစ္စည်းစုစုပေါင်း ၂၅၀၂၈၀ ကို စာအုပ်စင်ပေါင်း ၁၆၀ ဖြင့်လည်း ကောင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို စင်ပေါင်း ၈၁ စင် ဖြင့်ခွဲခြား၍ စင်တင်ထားရှိပါသည်။ ထို့ပြင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) Special Collection Corner တွင် စာအုပ်စာတမ်းများ လှူဒါန်းနိုင်ကြောင်း ၁၅-၁၂-၂၀၁၀ နေ့ထုတ် သတင်းစာများတွင် အလှူရှင်များဖိတ်ခေါ်ခဲ့ပါသည်။ အလှူရှင်များမှလှူဒါန်းသည့် စာအုပ်များကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တွင် အလှူရှင်အမည်အလိုက် သီးသန့်ဗီရိုများဖြင့် ထားရှိပါ သည်။ ၂၀၁၄ ခုနှစ်တွင် မတ်လအထိ အလှူရှင် ၃၃ ဦးမှ စာအုပ်၊ မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်နှင့် လက်ကမ်းစာစောင်စုစုပေါင်း ၁၁၅၇၅ တို့ကို လာရောက် လှူဒါန်း၍ စုဆောင်းထားရှိပါသည်။

စာကြည့်တိုက်တစ်ခုတွင် စာပေပစ္စည်းများကို ပြည့်စုံစွာရရှိစေရန် စာစု ဌာနမှဆောင်ရွက်ပြီးနောက် လျင်မြန်လွယ်ကူစွာ အသုံးပြုနိုင်ရန် စာပြုလုပ်ငန်း ဌာနစုမှ ဆောင်ရွက်ပေးရပါသည်။ စာပြုလုပ်ငန်းတွင် ကတ်တလောက် လုပ်ငန်း၊ မျိုးတူစု ခွဲခြားခြင်းလုပ်ငန်း၊ စင်တင်ခြင်းလုပ်ငန်း၊ အညွှန်းပြုစုခြင်း

> **အမျိုးသားစာကြည့်တိုက်သည် သုတေသန ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ စာဖတ် သူများလိုအပ်သော အချက်အလက်များကို စနစ်တကျ စုဆောင်းထားရှိပြီး စာဖတ်သူများ အထောက် အပံ့ဖြစ်စေမည့် စာကြည့်တိုက်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရာဌာနဖြစ်ပါသည်**

လုပ်ငန်းနှင့် စာပေပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါ သည်။ စာစုလုပ်ငန်းနှင့် စာပြုလုပ်ငန်းဌာနစုများမှ ဆောင်ရွက်ပြီးသော ထိန်း သိမ်းထားရှိသည့် စာပေပစ္စည်းများ၊ သတင်းအချက်အလက်များကို စာကြည့် တိုက်အသုံးပြုသူများ(သို့မဟုတ်)စာရှာသူများ စိတ်ကျေနပ်မှုကို ဖြည့်စွမ်းပေးနိုင် ရန် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပါသည်။ အမျိုးသား စာကြည့်တိုက်သည် ရည်ညွှန်းစာကြည့်တိုက်ဖြစ်သဖြင့် စာအုပ်စာတမ်းများကို စာကြည့်တိုက်၏ စာဖတ်ခန်းအတွင်း၌သာ ဖတ်ရှုခွင့်ပြုပါသည်။ သို့ရာတွင် စာကြည့်တိုက်အချင်းချင်းငှားရမ်းရေးစနစ်အရ စာကြည့်တိုက်များနှင့် အချင်း ချင်းဆက်နွယ်၍ တရားဝင်ငှားရမ်းခြင်း၊ အစိုးရဝန်ကြီးဌာနများမှ အရေးတကြီး လာရောက်အကူအညီတောင်းသည့်အခါတွင်လည်း ဌာနဆိုင်ရာတရားဝင် စာဖြင့် ငှားရမ်းပေးပါသည်။ ထို့ပြင် အစိုးရဌာနများမှ လူကိုယ်တိုင်သော်လည်း ကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း ယင်းတို့လိုအပ်သော အကြောင်း အရာအချက်အလက်များကိုလည်း စာကြည့်တိုက်ဝန်ထမ်းများက ရှာဖွေကာ စာကြည့်တိုက်ဝန်ဆောင်မှုများကိုလည်း ပေးပါသည်။ စာဖတ်သူများအား အမျိုးသားစာကြည့်တိုက်တွင် ကြိုက်နှစ်သက်ရာဘာသာရပ်ပေါင်းစုံကို စင်ဖွင့်စနစ်ဖြင့်ထားရှိသဖြင့် လွတ်လပ်စွာဖတ်ရှုပြီး စာဖတ်သူများလိုအပ်သည့် အချက်အလက်များကို မိတ္တူကူးပေးသည့် ဝန်ဆောင်မှုကိုလည်းပေးပါသည်။ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေးဌာနစိတ်တွင် စာအုပ်နှင့် အခြားစာပေပစ္စည်း များကို ပိုမိုယိုယွင်းမှုမရှိစေရန် ပြုပြင်ခြင်းနှင့်စာအုပ်၊ သတင်းစာများ၊ ဂျာနယ် များ၊ ချုပ်သည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

အထွေထွေစာဖတ်ခန်းကို အဆောင်(၁)၏ လက်ဝဲဘက်တွင်ထားရှိပြီး စာဖတ်စားပွဲ ၁၅ လုံး၊ ထိုင်ခုံအလုံး ၆၀ ကို ထားရှိပြီး လတ်တလောထွက်ရှိ သည့် နေ့စဉ်သတင်းစာ ၁၂ မျိုး၊ အပတ်စဉ်ထုတ် ဂျာနယ် ၇၄ မျိုး၊ လစဉ် ထုတ်မဂ္ဂဇင်း ၆၈ အုပ်နှင့် စာအုပ်အသစ်များကို သီးခြားစင်များဖြင့်ထားပြီး ရည်ညွှန်းစာအုပ်များကိုလည်း ယင်းအခန်းတွင် ထားရှိသည်။

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် ကွန်ပျူတာ ၄၈ လုံးဖြင့် စာဖတ်သူများတစ်ပြိုင်နက် ဖတ်ရှုနိုင်ရန် e-Library (Digital Library) ကိုလည်း ဖွင့်လှစ်ထားရှိသည်။ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တွင် စုဆောင်းထိန်းသိမ်းထားသော စာပေပစ္စည်းများအား Digital Form ဖြစ်သည့် e-books, e-periodicals အနေဖြင့် စုစုပေါင်း ၇၀၀၀ ကျော်ကို စာဖတ်သူများ ဖတ်ရှုနိုင်ရန်အတွက် ဆောင်ရွက်ထားရှိသည်။

ထို့အပြင် အမျိုးသားစာကြည့်တိုက်တွင် ကလေးစာကြည့်တိုက်သည် (၃၀×၇၀)ပေ ကျယ်ဝန်းပြီး ကလေးစာဖတ်ခန်းအတွင်း ကလေးများနှင့်သက်ဆိုင် သောစာအုပ်စာတမ်းများကို စာအုပ်ငါးစင်ဖြင့် စင်ဖွင့်စနစ်ထားရှိကာ ကလေး များစာဖတ်ခြင်းအလေ့အထကို တိုးပွားလာစေရန်နှင့် စာကြည့်တိုက်ကို အသုံးပြုတတ်စေရန် စီစဉ်ထားရှိသည်။ ကလေးများအတွက် ကွန်ပျူတာ တစ်လုံး၊ ကလေးစာဖတ်စားပွဲနှစ်လုံး၊ ထိုင်ခုံ Sofa Stoll ၂၉ ခုထားရှိသည်။ ကလေးများ စိတ်ဝင်စားနိုင်မည့်ရုပ်ပုံကားချပ်၊ ကမ္ဘာ့မြေပုံ၊ မြန်မာ့မြေပုံ၊ ကလေး များနှင့်သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ကားချပ်များနှင့် Electronic ပစ္စည်း များကိုလည်း ထားရှိသည်။ သီတင်းကျွတ်ကျောင်းပိတ်ရက်များနှင့် နွေရာသီ ကျောင်းပိတ်ရက်များတွင် စာကြည့်တိုက်သို့ ကလေးများ ဖိတ်ခေါ်၍ ပုံဆွဲပြိုင် ပွဲများ၊ ပုံများအား ဆေးရောင်ခြယ်ခြင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ စာကြည့်တိုက် ဝန်ထမ်းများမှ ဗဟုသုတရဖွယ်ပုံပြောခြင်း၊ ကလေးများမှ ပုံပြန်ပြောခြင်း၊ စာဖတ်ခိုင်းခြင်းနှင့် အခြားပျော်ရွှင်ဖွယ်ကစားနည်းများဖြင့် ကလေးများအား စာဖတ်မှုအလေ့အထတိုးပွားစေရန် ကလေးစာကြည့်တိုက်လှုပ်ရှားမှုများ ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

Recreation Area သည် အဆောင်(၁)၏ အလယ်တွင်ထားရှိပြီး စာကြည့်တိုက်သို့ လာရောက်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် Sofa များကို နှစ်စုံစီထားရှိပါသည်။ မြင်ကွင်းစိမ်းလန်းစိုပြည်စေရန် အလှ ပန်းပင်/ ပန်းအိုးများကို အဆောင်(၁)၏ တောင်ဘက်နံရံအနီးတွင် စိုက်ပျိုး ထားရှိသည်။

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သည် အစိုးရဝန်ကြီးဌာနများ၊ သုတေသနပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ စာဖတ်သူများ လိုအပ်သောအချက်အလက်များကို စုဆောင်းထားရှိသော စာအုပ်၊ စာပေ ပစ္စည်းများမှ စာဖတ်သူများ အထောက်အပံ့ဖြစ်စေမည့် စာကြည့်တိုက် ဝန်ဆောင်မှုကို အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက် များသည် အရေးကြီးသကဲ့သို့ လူ့ဘဝတွင် "ပညာ"သည် အရေးကြီးပါသည်။ စရိတ်စက၊ အချိန်ကုန်အသက်သာဆုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး လက်လှမ်း မီရလောက်အောင် လွယ်ကူမှုရှိသော ပညာရှာမှီးရာအရပ်သည် "စာကြည့် တိုက်" ဖြစ်ပါသည်။ စာကြည့်တိုက်ပညာရေးဟူသည် အချိန်အကန့်အသတ်၊ ကာလအပိုင်းအခြားအကန့်အသတ်မရှိငွေကြေးကုန်ကျစရိတ်သက်သာစွာ ဖြင့် ပညာဆည်းပူးနိုင်သော "ပြည်သူ့တက္ကသိုလ်၊ ဘဝတက္ကသိုလ်"များ ဖြစ်ပါ သည်။ အမျိုးသားစာကြည့်တိုက်သည် မျက်မှောက်ခေတ်နှင့်သာ သက်ဆိုင် သည်မဟုတ် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးစလုံးနှင့် သက်ဆိုင်ပါ သည်။ အတိတ်မှ ပေါ်ပေါက်လာခဲ့သော စာပေများကို တတ်နိုင်သရွေ့ပြန်လည် ဖော်ထုတ်ပြီး ရှာဖွေစုဆောင်းပြုစုရသည်။ ယခုပစ္စုပ္ပန်မျက်မှောက်ကာလ တွင် ထွက်ပေါ်လာသမျှသော စာပေများကိုလည်း မျက်ခြည်မပြတ်စုံလင် အောင် စုဆောင်းပြုစုထားရပါသည်။ အတိတ်နှင့်ပစ္စုပ္ပန်ကာလနှစ်ပါးစလုံး မှ စနစ်တကျပြုစုထားသော နိုင်ငံတော်၏စာပေအမွေအနှစ်များကို အနာ ဂတ်ကာလသို့ ပို့ဆောင်ပေးရသည်။

ထို့ကြောင့် ယခုနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလတွင် အသိပညာဗဟုသုတ ဖြန့်ဖြူးပေးနိုင်စွမ်းရှိသည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို အောင် မြင်စွာ ဖွင့်လှစ်ထားရှိပြီး ပြည်သူလူထုအား ဝန်ဆောင်မှုအပြည့်အဝပေးကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကျောက်ကြီးမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်

ပဲခူး မေ ၂၁

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီး မြို့နယ် တရားရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး တရားသူ ကြီးချုပ်၊ တိုင်းဒေသကြီး တိုင်းရင်း သားရေးရာဝန်ကြီးနှင့် တရားလွှတ် တော် တရားသူကြီးများ၊ တိုင်းဒေသ ကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်း ဒေသကြီး တရားရေးဦးစီးမှူးနှင့် တရား ရေးအရာရှိများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ဒေသခံပြည်သူများ တက် ရောက်ခဲ့သည်။

တရားရုံးသစ်ကို ပဲခူးတိုင်းဒေသ ကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ နှင့် ပဲခူးတိုင်းဒေသကြီး တိုင်းရင်း သားရေးရာဝန်ကြီး ဦးစောဂျူဗလီစံလှ **(ယာပုံ)** တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ကျောက်ကြီးမြို့နယ် တရားရုံးဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ကျောက်ကြီးမြို့နယ် တရားရုံး အဆောက်အအုံကို ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် ဦးပိုင်အမှတ် (၄၈)၊ မြေကွက်အမှတ်(၆၃)ရှိ ဧရိ ယာ ၀ ဒသမ ၁၆ ဧက ကျယ်ဝန်းသော မြေပေါ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ခွဲဝေချထားငွေကျပ် ၅၅၅၀၀၀၀၀ ဖြင့် အလျား ၈၂ ပေ၊ အနံ ၄၈ ပေရှိ တစ်ထပ် အဆောက်အအုံကို ဆောက်လုပ်ခဲ့ ကြောင်း သိရှိသည်။

သန့်စင်(ပဲခူး)

ပြည်တွင်းသတင်း

မြန်မာ-ကနေဒါ နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် မေ ၂၁

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ကနေဒါနိုင်ငံ ဘုရင်ခံချုပ်အတိုင်ပင်ခံကောင်စီဝင်နှင့် လွှတ်တော်အမတ်ဟောင်းဖြစ်သူ မစ္စတာဂျင်အက်ဘ်ဘော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၀ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-1)၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကနေဒါ နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ဒီမိုကရေစီဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ *ကျောဖုံးမှ*

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း လာမည့်နှစ်ရက်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်ကမ်းခြေဒေသများသို့ ဦးတည်ရွေ့လျားနိုင်သည်။ မုန်တိုင်းငယ်၏အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်၊ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(မိုး/ဇလ)**

❒ *ကျောဖုံးမှ*

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြတိုက်များ၊ စာကြည့်တိုက်များ၊ စာပေ၊ သဘင်၊ ဂီတ၊ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု ပြပွဲ၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးဌာနအဆင့်မှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေး ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝင်ငွေနှင့်ထွက်ငွေအချိုးအစားမှန်ကန်စေရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်များသည်လည်း အချိုးကျဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူလူထုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိရာ ညီညီညွတ်ညွတ်ဖြင့် အပြန်အလှန် ညှိနှိုင်းပေါင်းစပ်နိုင်ရန်လည်းကောင်း၊ ပညာရှင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဒေသများ၏ ရငွေ၊ သုံးငွေအပေါ်မူတည်ပြီး ဘဏ္ဍာငွေအရအသုံးနှင့်အခွန်အကောက်ခွဲဝေသုံးစွဲရာ၌ အခက်အခဲမရှိစေရေးအတွက် ဥပဒေပေါ်ပေါက် လာစေရန်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများသည် မိမိတို့လက်အောက်ရှိ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်လက်ပြုလုပ်မည့် ညှိနှိုင်းအစည်းအဝေးများတွင် ကျွမ်းကျင်ပညာရှင်များဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်၌ ခရီးသည်တင်ယာဉ်များအားစစ်ဆေး

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ ရာဇာမင်းအဝေးပြေးယာဉ်တိမ်းမှောက်ပြီးနောက်၊ ယင်းလမ်းမကြီးပေါ်၌ ဖြတ်သန်းမောင်းနှင်နေကြသော အဝေးပြေးခရီးသည်တင်ယာဉ်ကြီးများကို ရန်ကုန်-နေပြည်တော်၊ မန္တလေးသုံးနေရာ၌ ကညန၊ ယာဉ်ထိန်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ အမြန်လမ်းရဲတပ်ဖွဲ့၊ မထသ(ဗဟို/အဝေးပြေး) မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ စုပေါင်းအဖွဲ့က ယာဉ်မောင်းအခြေအနေ (၁၁)ချက်၊ ယာဉ်အခြေအနေမျက်မြင်(၁၂)ချက်တို့ဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်ပြီးမှ စေလွှတ်လျက်ရှိသည်။

ရန်ကုန်မှ ထွက်ခွာမည့် အဝေးပြေးယာဉ်များကို မိုင်တိုင် ၀/၂ မိုင်တွင် မေ ၁၇ ရက်မှစတင်၍ နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ စစ်ဆေးလျက်ရှိရာ မေ ၁၇ ရက်တွင် ၆၉ စီး၊ မေ ၁၈ ရက်တွင် ၁၅၈ စီး၊ မေ ၁၉ ရက်တွင် ၁၇၈ စီးကို စစ်ဆေးခဲ့သည်ဟု သိရသည်။

မေ ၂၀ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ခင်သည် ရန်ကုန်-မန္တလေး လမ်းမကြီး မော်တော်ယာဉ်များ ကြံ့ခိုင်မှု စစ်ဆေးရေးစခန်းသို့ ရောက်ရှိခဲ့ပြီး ယာဉ်များစစ်ဆေးနေမှုကို ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ခင်က "ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ အသက်အန္တရာယ် လုံခြုံရေးအတွက် စောင့်ရှောက်နိုင်ဖို့ ဒီလိုအဖွဲ့တွေနဲ့ စုပေါင်းပြီး အထူးကြပ်မတ်စစ်ဆေးနေတာပါ။ အခု ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို ပြန်ကြည့်ရင် ယာဉ်မောင်းတွေရဲ့ပေါ့ဆမှု၊ အရှိန်ပြင်းမောင်းနှင်မှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို မလိုက်နာမှုတွေကြောင့် အများဆုံးဖြစ်လာတာတွေ့နေရပါတယ်။ လမ်းပိုင်းအချို့အားနည်းချက်လည်းရှိပါတယ်"ဟု ရှင်းပြပေးခဲ့သည်။

ကညနမှ ညွှန်ကြားရေးမှူး ဦးကျော်အေးလွင်က "အဝေးပြေးခရီးသည် ပို့ဆောင်ပြေးဆွဲနေတဲ့ ယာဉ်ကြီးတွေမှာ အဓိက ယာဉ်မောင်း တွေသတ်မှတ်လိုင်စင်ပြည့်စုံမှုရှိ မရှိ၊ လုပ်ငန်းလိုင်စင်ရှိ မရှိ၊ ယာဉ်လိုင်စင်ရှိ မရှိ၊ အရေးပေါ်ထွက်ပေါက်ပါ မပါ၊ အရေးပေါ်အသုံးပြုရမည့် တူ/ပုဆိန်ပါ မပါနဲ့ အခြားသတ်မှတ်စည်းကမ်းနဲ့ ညီညွတ်မှုရှိ မရှိ စစ်ဆေးတာပါ"ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဦးအေးသန့်က "အခုအများဆုံး စစ်ဆေးတွေ့ရှိနေရတာကတော့ စင်းလုံးငှား (ဂ) လိုင်စင်ကနေ ခရီးသည်တင် (ခ) လိုင်စင်အပြောင်းအလဲပဲ ပြေးဆွဲနေကြတာကို တွေ့နေရပါတယ်။ ဒါထက်အခုက ပညာပေးကာလဖြစ်တဲ့အတွက် အမြန်ပြောင်းလဲဖို့ဆောင်ရွက်နေတဲ့ ယာဉ်တွေပါ ပါတယ်" ဟု ပြောကြားပေးခဲ့သည်။

မထသ(အဝေးပြေး) ဥက္ကဋ္ဌ ဦးညွန့်ဝေက "အခုလို ခရီးထွက်မယ့် ယာဉ်လိုင်းတွေကို အရင်ကလည်း ညွှန်ကြားမှုတွေမပြတ် ပေးခဲ့ပါတယ်။ အခုလည်း သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ မောင်းနှင်ကြဖို့၊ လိုက်နာကြဖို့၊ ယာဉ်တွေနဲ့အတူပါသွားရမယ့် စာရွက်စာတမ်းတွေ ဆောင်သွားကြဖို့ အထူးမှာကြားထားပါတယ်။ အချို့စည်းကမ်းလိုက်နာမှုတွေအားနည်းတာ တွေ့ရပါတယ်။ ပညာပေးကာလဖြစ်တဲ့အတွက် ခွင့်လွှတ်မှုရှိပေမယ့် နောက်ဆိုအပြစ်ပေး အရေးယူမှု တွေရှိလာမှာပါ"ဟု ဆိုခဲ့သည်။

မေ ၂၀ ရက်က စစ်ဆေးမှုတွင် ယာဉ်ကြီးများနဲ့ ယာဉ်လိုင်စင်မပါရှိခြင်း၊ ယာဉ်မောင်း၊ အရန်ယာဉ်မောင်းများ လိုင်စင်ပြည့်စုံစွာ မပါရှိခြင်း၊ လုပ်ငန်းလိုင်စင်သို့မပြောင်းလဲရခြင်းများ စစ်ဆေးတွေ့ရှိခဲ့ရသည်ဟုသိရသည်။ အဓိက ခရီးသည်တွေမှာ ခါးပတ်မပတ်ခြင်းကိုတွေ့ရသည်။

မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က 'တကယ်တော့ဗျာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုတာရှိပြီးသားပါ။ ဒါကို ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေက မလိုက်နာကြလို့ သေဆုံးမှုတွေ၊ ပျက်စီးမှုတွေဖြစ်ပေါ်လာရတာပါ၊ ဒါကိုဆင်ခြင်သလား၊ ဂရုစိုက်သလားဆိုတော့ ဆင်ခြင်မှု၊ ဂရုစိုက်မှုမရှိကြဘူး၊ စည်းကမ်းဖောက်မြဲ ဖောက်နေကြတယ်။ ဒါကြောင့် အခုလို ဌာနပေါင်းစုံ လူအများက အဓိကကိုယ့်အလုပ်ကိုယ်မလုပ်ရဘဲ အချိန်တွေ အလဟဿဖြစ်ရတယ်" ဟု သုံးသပ်ပြောကြားခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

စာမျက်နှာ ၅ မှ

လူမှုရေး Level မြင့်လာမှာ။ ကျွန်တော်တို့ အဲ့ဒါလုပ်ချင်တာ။ အဲ့ဒါလုပ်ခွင့်ရရင် ကျေနပ်တယ်။

ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က အလုပ်သမားသမဂ္ဂတွေ လွတ်လွတ်လပ်လပ်ရှိစေချင်တယ်။ Democratic Plan ဆိုတာလည်းနေချင်တယ်။ အဲ့ဒီကိစ္စအတွက်လည်း အခုလုပ်နေတာပဲ။ ကျွန်တော်ဟိုဘက်မှာနေခဲ့တဲ့အချိန်မှာ ရှစ်နှစ်တပ်ပေါင်းစု အထွေထွေအတွင်းရေးမှူးလုပ်ခဲ့တယ်။ NCUP လို့ခေါ်တယ်၊ ကြားဖူးမှာပေ့ါ။ အခုပြောင်းပြီဆိုတော့လည်း ယုံကြည်လို့တကယ်လုပ်တယ်။

ဦးမောင်မောင်(ခေါ်) ဦးပြည်သစ်ညွန့်ဝေသည် ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သတ္တုတွင်းအလုပ်သမားများ သမဂ္ဂ(ရန်ကုန်)၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းနှစ်တွင်ပင် ထိုင်း-မြန်မာ နယ်စပ်သို့ ထွက်ခွာခဲ့သည်။ ထို့နောက် ပြည်ပတွင် အခြေစိုက်နေထိုင်ပြီး ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (FTUB)ကို စတင်တည်ထောင်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပြုလုပ်သည့် ILO နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်လာသော အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီး အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည်။

☼ *ရှေ့ဖုံးမှ*

တာဝန်ခံကြီးကြပ်မှုဖြင့် တောင်သူလယ်သမားများလက်ဝယ်သို့ အချိန်မီရောက်ရှိရေး တိုက်ရိုက်ထုတ်ချေးသွားမည်ဖြစ်သည်။

၄။ တောင်သူလယ်သမားများကို ထုတ်ချေးခဲ့သည့် စိုက်ပျိုးစရိတ်ချေးငွေကို ယခင်က ငွေကျပ် ၁၀၀လျှင် တစ်နှစ်အတွက် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း (တစ်လလျှင် ၇၁ ပြားနှုန်း)ကောက်ခံလျက်ရှိရာမှ ယခု ၂၀၁၄ ခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေမှ စတင်၍ ငွေကျပ် ၁၀၀ လျှင် တစ်နှစ်အတွက် အတိုးနှုန်း ၅ ရာခိုင်နှုန်း(တစ်လလျှင် ၄၂ ပြားနှုန်း)ဖြင့် တောင်သူလယ်သမားများ ကုန်ကျစရိတ်သက်သာစေရေးကို ရှေးရှု၍နိုင်ငံတော်က ထုတ်ချေးပေးမည်ဖြစ်သည်။

၅။ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စေရေးအတွက် ထုတ်ချေးမည့်လုပ်ငန်းစဉ်များကိုမူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများက တာဝန်ယူ ထုတ်ချေးပေးသွားမည်ဖြစ်သည်။

၆။ တောင်သူလယ်သမားများစိုက်ပျိုးစရိတ်ချေးငွေ အချိန်မီရရှိရေးနှင့် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်ရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေသကဲ့သို့ တောင်သူလယ်သမားများ ဘက်ကလည်း မိမိတို့ချေးယူထားရှိသော စိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီအပြည့်အဝ ပြန်လည်ပေးဆပ်ကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

မိုးဦးမိုးရွာသွန်းသဖြင့် တောင်သူများဝမ်းသာ

ဆောမြို့နယ် လောင်းရှည်မြို့ဒေသတွင် မေ ၁၉ ရက်က မိုးဦးမိုးစတင်ရွာသွန်းသည်။ မိုးရွာသွန်းသည့်အချိန်မှာ ညနေ ၅ နာရီခွဲမှ ၆ နာရီခွဲအထိ ရွာသွန်းခြင်းဖြစ်၍ မိုးရွာသွန်းသော်လည်း အဆောက်အအုံများနှင့် နွေရာသီသီးနှံများပျက်စီးခြင်းမရှိကြောင်းသိရသည်။ **(၁၀၁)**



ပြည်တွင်းသတင်း

■ ရှေ့ဖုံးမှ

နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံ၏ ကဏ္ဍအသီးသီးတွင် အရည်အသွေး၊ အရည်အချင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးပြီး လိုအပ်သည့် နယ်ပယ်အသီးသီးတွင် တာဝန်ပေးအပ်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ရေးဆွဲအကောင်အထည်ဖော် သွားရမည်ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ အဖွဲ့အစည်းအတွင်း လုပ်သား(သို့မဟုတ်) ဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ငန်းနှင့်ပတ်သက်သည့် ပညာဗဟုသုတ၊ လုပ်ငန်းအပေါ်ထားရှိရမည့် စိတ်ဓာတ်မြင့်မားလာအောင် လေ့ကျင့်ပေးသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းအတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို နားလည်တတ်ကျွမ်းလာသူကိုမှ လူ့စွမ်းအားအရင်းအမြစ်ဟု သတ်မှတ်ပါကြောင်း။

အနီးကပ်ကြည့်ရှု လေ့လာပါက လူ့စွမ်းအားအရင်းအမြစ်သည် အသင်းအဖွဲ့ တစ်ခုအတွင်းရှိ ဝန်ထမ်းများအား သင်တန်းပေးခြင်းဖြင့် ပိုမိုတတ်ကျွမ်းလာအောင် ဆောင်ရွက်သည့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတကာမှရောက်လာသည့် အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကြရာတွင် မိမိတို့နိုင်ငံ၏ အဘက်ဘက်သော ဖွံ့ဖြိုးတိုးတက်နိုင်မှု အခြေအနေနှင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေများကို ဆွေးနွေးသည့် အကြိမ်တိုင်း နိုင်ငံ၏အားနည်းချက်၊ အားသာချက်များကို ထောက်ပြဝေဖန် အကြံပြုကြပါကြောင်း၊ အားနည်းချက်ထဲတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနည်းသည့် အချက်ပါဝင်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် မိမိတို့ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ ပုဂ္ဂလိကကဏ္ဍများအလိုက် သက်ဆိုင်သည့်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ စီမံရေးဆွဲထားရှိမှုများကို ဆွေးနွေးတင်ပြကြရန် ဖြစ်ကြောင်း။

ရေတိုလုပ်ငန်းစဉ်အနေဖြင့် မိမိတို့ဌာနအတွင်းရှိ ဝန်ထမ်းလုပ်သားများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ ပညာဗဟုသုတရှိမှုစသည်များ တိုးတက်စေရန် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသည့်သင်တန်းများရှိရန် လိုအပ်ပါကြောင်း၊ (၂၁) ရာစုခေတ်တွင် မွမ်းမံသင်တန်းများ မပြုလုပ်ခဲ့သော် တစ်နှစ်နောက်ကျလျှင် တစ်နှစ်ကျန်ရစ်ခဲ့မည်ဖြစ်ပြီး သင်တန်းနှင့်အတူ Research and Development လည်းရှိပါမှ သူတစ်ပါးထက် ခြေတစ်လှမ်းသာနိုင်မည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ကို ပြည်တွင်းတွင် စီမံချက်ရေးဆွဲ မွေးထုတ်ကြရသကဲ့သို့ ပြည်ပသို့လည်း ပညာတော်သင်စေလွှတ် မွေးထုတ်ကြရမည်ဖြစ်ပါကြောင်း။

လက်ရှိအနေအထားအရ ပညာသင်ဆုသင်တန်းကိုသာ စေလွှတ်နိုင်ပြီး မိမိတို့နိုင်ငံ၏ လုပ်ငန်းလိုအပ်ချက်များအလိုက် ကျွမ်းကျင်ပညာရှင်များကို နိုင်ငံတော်စရိတ်ဖြင့် စေလွှတ်နိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့လုပ်ငန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်တွင်အရည်အသွေးနှင့် အရေအတွက် ထည့်တွက်မည်ဆိုပါက နိုင်ငံတကာအတွေ့အကြုံရရှိစေပြီး ပြည်ပမှ လာရောက်လေ့ကျင့် သင်ကြားပေးခြင်း၊ ပို၍ဆင့်ပွားသင်တန်းများပေးနိုင်ခြင်းဖြင့် တတ်ကျွမ်းသူများများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ရေးဆွဲအကောင်အထည်ဖော်ရန် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးဌာနများတွင်မကဘဲ ပုဂ္ဂလိကလုပ်ငန်းကြီး၊ လုပ်ငန်းလတ်၊ လုပ်ငန်းငယ်များတွင်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပါဝင်စေရန် လိုအပ်ပါကြောင်း။

ပုဂ္ဂလိကလုပ်ငန်းများတွင်လည်း နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများကို လိုအပ်ပါက ပံ့ပိုးကူညီရမည်ဖြစ်ပြီး တစ်ပိုင်တစ်နိုင် မိသားစုလုပ်ငန်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို လျစ်လျူရှုမထားဘဲ လက်တွဲခေါ်ခြင်းဖြင့် နိုင်ငံ၏ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ တိုးတက်မှုလုပ်ငန်းအစိတ်အပိုင်းအဖြစ် ပါဝင်လာနိုင်ကြမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများ လုပ်ငန်းများဆောင်ရွက်ကြရာတွင် နေ့မအား၊ ညမနား၊ မနားမနေ အလုပ်လုပ်ကြသော်လည်း လုပ်ဆောင်ချက်သာဖြစ်ပြီး ရလဒ်မဟုတ်ကြောင်းကို စီးပွားရေးပညာရှင်အချို့က ထောက်ပြပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုတွင် သင်တန်းများ၊ လေ့ကျင့်မှုများမှရရှိလာသည့် လူ့စွမ်းအားအရင်းအမြစ်များကို မှန်ကန်စွာစီမံခန့်ခွဲနိုင်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများ၊ လုပ်သားများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းများတွင် သတ်မှတ်အရည်အသွေး၊ ကျွမ်းကျင်မှုနှင့်ကိုက်ညီသူများကို ရွေးချယ်ရမည်ဖြစ်ပါကြောင်း၊ ရေတိုလုပ်ငန်းများအဖြစ် ပြည်တွင်းပြည်ပ၊ ဌာနတွင်း ဌာနပြင်ပ ပြုလုပ်သည့် လေ့ကျင့်မှုများ၊ သင်တန်းများ၊ ကာယ၊ ဉာဏစွမ်းအား လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ရေရှည်လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ပညာရေးဝန်ကြီးဌာန၏ ပညာရေးကဏ္ဍ ရေရှည်စီမံချက်အပေါ် မူတည်ပါကြောင်း၊ ပညာရေးကဏ္ဍမြင့်တင်မှု မူဝါဒမှန်ကန်မှသာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံသည်ပင်လျှင် ပညာရေးမှ မွေးထုတ်ပေးသည့်ပညာရှင်များနှင့် ပြင်ပလုပ်ငန်းလိုအပ်ချက်များ မကိုက်ညီသည့်အတွက် လုပ်ငန်းခွင်ကွင်းဆင်းလေ့လာပြီး ပညာရေးပြုပြင်မှုများ ပြန်လည် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ခက်ခဲရှုပ်ထွေးသည့်လုပ်ငန်းစဉ်များအတွက် အဖြေရှာရာတွင် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းပညာရှင်များ၊ ပြည်ပပညာရှင်များနှင့် သက်ဆိုင်သူအားလုံး ပါဝင်တိုင်ပင်ဆွေးနွေးပြီး အသင့်တော်ဆုံး အကောင်းဆုံး အဖြေကို ရှာကြရမည်ဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းဆောင်ရွက်ရမည့်အပေါ်၌လည်းကောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းများ အလိုက်ပါ ရှေ့ဆက်ဆောင်ရွက်သွားရမည့် အစီအစဉ်များအပေါ် လက်တွေ့လုပ်ဆောင်သွားကြရမည့် နည်းလမ်းများကို ဆွေးနွေးကြရန်တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေး ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးသည် ကျယ်ပြန့်ပြီး စိတ်ဝင်စားဖွယ်ကောင်းပါကြောင်း၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးသည် လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင် များစွာမူတည်နေပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနများ၏ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တစွမ်းအားများ မြင့်မားစေရန် ရေတို၊ ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများသာမက ပုဂ္ဂလိကအခန်းကဏ္ဍများ၏ ဆောင်ရွက်ချက်များတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ မျက်နှာချင်းဆိုင် အစည်းအဝေးထိုင်မှ အစည်းအဝေးဟုဆိုလျှင် နောင်တစ်ချိန် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ခက်ခဲမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် Focal အဖြစ် တာဝန်ယူမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက်၊ သက်ဆိုင်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရန်ပြောကြားခဲ့သည်။

(သတင်းစဉ်)

ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစည်းဝေး

ရန်ကုန် မေ ၂၁

၂၀၁၄ ခုနှစ် မိုးကြိုကာလ ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆွေးနွေးခဲ့

အစည်းအဝေးတွင် ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံကွပ်ကဲမှု အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး ၂၀၁၄ ခုနှစ် မိုးကြိုကာလရာသီဥတုခန့်မှန်းချက်များ ချပြဆွေးနွေးခြင်း၊ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြပြီး တက်ရောက်လာသူများကလည်း သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရန်ကုန်မြစ်ရေလမ်းကြောင်းသည် အမျိုးသား ပို့ကုန်/သွင်းကုန် ပင်မရေလမ်းကြောင်းဖြစ်သည့်အတွက် သဘာဝဘေးကြောင့် ရေလမ်းကြောင်းပိတ်ဆို့မှုမရှိစေရေးနှင့် ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးတို့အတွက် ရေးဆွဲထားသည့် စီမံချက်နှင့်အညီဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးကွင်းဆင်းအဖွဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၂၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကွင်းဆင်းအဖွဲ့သည်မေ ၁၉ ရက် နံနက်ပိုင်းက ဝါးခယ်မမြို့နယ် ရွှေလောင်းမြို့သို့ရောက်ရှိပြီး ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကွင်းဆင်းအဖွဲ့မှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ရွှေလောင်း၊ ညောင်ပင်ကျေးရွာအုပ်စု၊ စပါးသိုကျေးရွာအုပ်စု၊ ကျုံမတက်ကျေးရွာအုပ်စု၊ သိုက်ကုလားကျေးရွာအုပ်စု၊ ပေတောကျေးရွာအုပ်စု၊ ပြကိုးကြီးကျေးရွာအုပ်စု၊ မြောက်ခုံကျေးရွာအုပ်စု၊ အထက်ပေကုန်းကျေးရွာအုပ်စု၊ ထန်းတပ်ကျေးရွာအုပ်စု၊ အဂနဲ့လက်ပံကျေးရွာအုပ်စု၊ ဘွတ်ကန်ကျေးရွာအုပ်စု၊ ဟသ်ာကုန်းကျေးရွာအုပ်စု၊ ပေါက်ပြင်ကျေးရွာအုပ်စု၊ ကန့်ကလိုင်းကျေးရွာအုပ်စုနှင့် ဘောက်ကွင်းကျေးရွာအုပ်စုမှ ကျေးရွာပေါင်း ၄၆ ရွာအတွက် ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များ၊ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေး၊ကျုံစုတ်-သံဖြူစုကျေးရွာများနှင့် ချောင်းဝ-စစ်ကုန်းကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းအဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် အိမ်မဲမြို့နယ် ကျွဲလမ်းကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာန၏ အစားအစာ ဖူလုံပြည့်ဝရေး၊ ဘေးအန္တရာယ်ကင်းသော အစားအစာ ထုတ်လုပ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားပြီး ရေသိုးနောက်ဝိုင်းကျေးရွာအုပ်စုနှင့် ထိန်ငူကျေးရွာအုပ် စုအတွင်းရှိ ကျေးရွာ ၂၂ ရွာအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းအဖွဲ့သည် ကျောင်းကုန်းမြို့နယ် ကုလားစုကျေးရွာ၌ ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကောက်ကြီးကုန်းကျေးရွာ အုပ်စု၊ သောင်ကြီးကျေးရွာအုပ်စု၊ ရှမ်းရွာအုပ်စုနှင့် မိုးပြားကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၁၉ ရွာ အတွက် ပညာရေး၊ ကျန်းမာရေး၊ ဆိုလာမီးလင်းရေး၊ အဝီစိတွင်းတူးဖော်နိုင်ရေးနှင့် မိုးပြား-သရက်ကုန်းကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းကုန်းမြို့နယ် အထက်ကွင်းလှကျေးရွာအတွင်း အာဆင်းနစ်ကင်းစင်သော စက်ရေတွင်းတူးဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကွင်းဆင်းအဖွဲ့သည် ပန်းတနော်မြို့နယ်၌ ငါးသယံဇာတမွေးမြူစားသုံးမှု လွယ်ကူချောမွေ့စေရေး၊ ငါးမွေးသူလုပ်ငန်းရှင်များ၊ အင်းသမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ကွင်းဆင်းအဖွဲ့မှ တာဝန်ရှိသူများက ပန်းတနော်မြို့နယ်အတွင်းရှိ ငါးမွေးကန်များ၊ အင်းချောင်းများ တိမ်ကောပျက်စီးလာနေပြီဖြစ်၍ ပြုပြင်မွမ်းမံနိုင်ရေးနှင့် တိုင်းရင်းငါးမျိုးများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ရေလုပ်ငန်းရှင်များ၏ တင်ပြချက်များဖြစ်သည့် အင်းချောင်းများ တိမ်ကောလာရာမှစ၍ တိုင်းရင်းသဘာဝငါးမျိုးများ ပျောက်ကွယ်နေပြီဖြစ်သဖြင့် ငါးရစ်၊ ငါးသန်ချိန်များတွင် တိုင်းရင်းငါးသားပေါက်များကို တရားဝင်ဖမ်းဆီး၍ ထိန်းသိမ်းမွေးမြူလိုမှုနှင့် ငါးအစာဈေးများကြီးမြင့်လာပြီး ငွေကြေးရင်းနှီးမြှုပ်နှံမှု များပြားလာသဖြင့် ငွေကြေးချေးယူသုံးစွဲလိုမှုအခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ချေးငွေရရှိရေးအတွက် ငါးလုပ်ငန်းရှင်အစုအဖွဲ့များဖွဲ့စည်းပြီး ယင်းမှတစ်ဆင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကွင်းဆင်းအဖွဲ့သည် မေ ၂၀ ရက် နံနက်ပိုင်းတွင် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာ၌ ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံပြီး အကယ်ချောင်းကျေးရွာ၊ အိပ်ကလပ်ကျေးရွာ၊ ရေလဲစုကျေးရွာ၊ လက်ပံတန်းကျေးရွာ၊ မအူချောင်းကျေးရွာ၊ မြင်းကတောင်ကျေးရွာ၊ ဘဝိုင်းကမ်းနားစု၊ ဘဝိုင်းရွာမ၊ စာဖြူစုကျေးရွာ၊ မကျည်းတလိုင်ကျေးရွာ၊ ညောင်ပင်ရွာ၊ လှည်းဆိပ်၊ ဇွက်စိ၊ ပိတုန်းနှင့် ပျစ်မချောင်းကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များ၊ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးနှင့် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ ငါးလုပ်ငန်းဦးစီးဌာန သုတေသနဓာတ်ခွဲခန်းခန်းမဆောင်တွင် ငါးမွေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ အင်းသားကြီးများနှင့်တွေ့ဆုံ၍ တိုင်းရင်းမျိုးငါးကြီးများ စုဆောင်းထားရှိရေး အစုအဖွဲ့များဖွဲ့စည်းပြီး ကျေးလက်ဘဏ်မှ ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ်ချေးငွေရရှိရေး ကိစ္စရပ်များကို ဆွေးနွေးကြပြီး တစ်ပိုင်တစ်နိုင် ငါးသားပေါက်မွေးမြူဆောင်ရွက်နိုင်မည့် မြေသားကန် ငါးသားပေါက် မွေးမြူထုတ်လုပ်မှုကို သရုပ်ပြရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာ၌ ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံ၍ တူးချောင်းရွာမ၊ တူးချောင်းအလယ်၊ ညောင်ပင်စု၊ ကလိုင်းချောင်း၊ ချောင်းနှုတ်ခမ်း၊ သူကြီးစု၊ ငှက်ထုံ၊ မြန်မာကရင် (အရှေ့) နှင့် မြန်မာကရင်(အနောက်) ကျေးရွာများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ကွင်းဆင်းအဖွဲ့သည် လှည်းကူးမြို့နယ်ရှိ ဝါးယားကုန်းကျေးရွာအေးချမ်းသာတိုးချဲ့ရွာသစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံကာကွယ်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ဂေါက်သီးရိုက်ကစား

နေပြည်တော် မေ ၂၁

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဝေလွင်သည် (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေး ဝန်ကြီးများ အစည်းအဝေး 8th ASEAN Defence Ministers' Meeting (8th ADMM)သို့ တက်ရောက်လာသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီး H.E.Mr. Tea Banh၊ ဖိလစ်ပိုင်နိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Mr. Voltaire Tuvera Gazmin၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး General Neang Phat၊ ထိုင်းနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနမှ Maj-Gen Somsak Roongsita၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Hian Kong Robert Chua တို့နှင့်အတူ ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ Royal Myanmar Golf Country Club ၌ ချစ်ကြည်ရေး ဂေါက်သီးရိုက်ကစားခဲ့ပြီး**(အပေါ်ပုံ)** အဆိုပါ ဂေါက်ကွင်းတွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၄)ကြိမ်မြောက် အာဆီယံလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာညီလာခံကျင်းပ

နေပြည်တော် မေ ၂၁

(၄)ကြိမ်မြောက် အာဆီယံလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)Banquet Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ မလေးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အလုပ်သမားရေးရာဝန်ကြီးများ၊ ဒုတိယ ဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ILO၊ ADB နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အာဆီယံလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာအစီအစဉ်များဖြင့် ဆောင်ရွက်ရန်နှင့် ဒေသတွင်း ပေါင်းစည်းရေးဆိုင်ရာ စိန်ခေါ်မှုကို ဖြေရှင်းနိုင်ရေး၊ အရည်အသွေးပြည့်ဝကျွမ်းကျင်သော အာဆီယံလုပ်သားထု ဖြစ်ပေါ်လာစေရေးတို့အတွက် အာဆီယံလူမှု-ယဉ်ကျေးမှု Blue Print မှ ဆောင်ရွက်ချက်များ ချမှတ်ထားပါကြောင်း၊ ထို့ကြောင့် အာဆီယံ အလုပ်သမားဝန်ကြီးများ၏ လုပ်ငန်းအစီအစဉ် (၂၀၁၀-၂၀၁၅)မှ အာဆီယံလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ညီလာခံကို နှစ်နှစ်တစ်ကြိမ် ကျင်းပရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ယခုနှစ် အာဆီယံလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ညီလာခံ၏ ဆောင်ပုဒ်မှာ "လူအင်အားမှသည် အာဆီယံလုပ်သား အင်အားထုသို့" ဖြစ်ပါကြောင်း၊ လူ့စွမ်းအားမြှင့်တင်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သားထု ဖြစ်ပေါ်လာစေရေးသည် အလွန်အရေးပါသောကြောင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းပေးခြင်းစနစ်သည် အလုပ်ရှာဖွေသူများအတွက် လိုအပ်သောကျွမ်းကျင်မှုနှင့်စွမ်းရည်ကို ဖြည့်ဆည်းပေးရုံသာမက ၎င်းတို့အနေဖြင့် တက်ရောက်သင်ကြားနိုင်သော သင်တန်းလည်း ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လုပ်သားဈေးကွက်သို့ ဝင်ရောက်နိုင်သည့် လုပ်ငန်းခွင်ကျွမ်းကျင်မှု ပညာပေးခြင်းနှင့် သင်တန်းပေးခြင်းစနစ်များဆိုင်ရာ မူဘောင်များကို ဦးတည်လျက် ယခုနှစ် ညီလာခံဆောင်ပုဒ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အနာဂတ်လုပ်သားထု၏ ကျွမ်းကျင်မှုနှင့် ရွှေ့ပြောင်းလုပ်ကိုင်နိုင်မှုကို မြှင့်တင်ရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများနှင့် ပတ်သက်၍ ဒေသတွင်း ဆောင်ရွက်မှုများကို ဖလှယ်ကာ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကမောင်းနှင်အားဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အလုပ်သမားဝန်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(ဝဲပုံ)**

ထို့နောက် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက အလုပ်သမားဈေးကွက်သို့ ဝင်ရောက်နိုင်ရန်လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဆိုင်ရာစနစ်များ အကောင်အထည်ဖော်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ချမှတ်ထားသော မူဘောင်များ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းစနစ်များ ခေတ်မီပြီး အရည်အသွေးမြှင့်တင်ရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာနည်းပြများ စွမ်းဆောင်ရည်မြင့်မားစေရေး၊ စီးပွားရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လုပ်သားဈေးကွက်၏ လိုအပ်ချက်များအရ သက်ဆိုင်သည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ် သင်တန်းစနစ်များ၏ အားသာချက် အားနည်းချက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများက အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အလုပ်သမားဈေးကွက်သို့ ဝင်ရောက်နိုင်ရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆိုင်ရာစနစ်များ အကောင်အထည်ဖော်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ချမှတ်ထားသော မူဘောင်များ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာသင်တန်းများ၏ အရည်အသွေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှု၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်သင်တန်းများ နိုင်ငံတစ်ဝန်းကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်သင်တန်းစနစ်နှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တိုးတာရေး၊ လုပ်သားဈေးကွက်၏ လိုအပ်ချက်များအရ သက်ဆိုင်သည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းစနစ်များ၏ အားသာချက်၊ အားနည်းချက်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ညီလာခံ၏ အလုပ်သဘော ညစာစားပွဲကို အဆိုပါခန်းမ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာမီဒီယာများ၏ မြန်မာနိုင်ငံပေါ်အမြင်

ကျော်သဲအိမ်

ပြင်သစ်နိုင်ငံထုတ် International New York Times သတင်းစာက ပြင်သစ်နိုင်ငံ ပါရီကျောက်မျက်ရတနာလောကတွင်နာမည်အကြီးဆုံးများထဲက တစ်ဦးဖြစ်သော အလက်ဇန္ဒြားရီဇာသည် ကျောက်မျက်လောကနှင့် အချိန်အတန်ကြာ ပြတ်တောက်သွားပြီးနောက် ယခုအခါ ကျောက်မျက်ရတနာပြပွဲတစ်ခုနှင့်အတူ ကျောက်မျက်လောကသို့ တစ်ကျော့ပြန်ရောက်ရှိလာခဲ့ကြောင်း၊ အလက်ဇန္ဒြားရီဇာ၏ သားဖြစ်သူ အော်လီဗာရီဇာသည် ဖခင် အနားယူပြီးနောက် ယခင်ကျောက်မျက်လုပ်ငန်းကို ဦးဆောင်ရန် ၂၀၀၈ ခုနှစ်က နယူးယောက်မြို့ရှိ ဘဏ်လုပ်ငန်းကို ကျောခိုင်းသွားခဲ့ကြောင်း၊ အော်လီဗာရီဇာက ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ၎င်း၏ဖခင်က သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့မှ အဖိုးတန်ကျောက်မျက်ရတနာများစွာကို ဝယ်ယူသိမ်းဆည်းထားပြီး ယင်းကျောက်မျက်ရတနာများထဲတွင် သီရိလင်္ကာနီလာနှင့် စိန် ၁၄၅ ကာရက်ရှိ နားကပ်နှင့်စိန် ၁၀၁ ပွင့်ပေါ်တန်ဆာဆင်ထားသော ၅၂ ကာရက်ရှိ မြန်မာနီလာလက်စွပ်များက ရွှေပွဲလာများကို အဓိကဆွဲဆောင်နေသည်ဟု ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

Financial Times UK သတင်းစာက ဂျပန်အီလက်ထရွန်နစ်ကုမ္ပဏီတစ်ခုဖြစ်သော ဆိုနီကုမ္ပဏီက ယခင်နှစ်များက လုပ်ငန်းအရှုံးပေါ်ခဲ့သည်ကို ပြန်လည်ကုစားမှုစနစ်တကျမပြုနိုင်သေးသဖြင့် လာမည့်နှစ်တွင်လည်း အမြတ်အစွန်းရှိသေးမည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ချိန်တွင် ရင်းနှီးမြှုပ်နှံသူများမှာ တုန်လှုပ်ချောက်ချားသွားခဲ့ကြောင်း၊ Sharp ကုမ္ပဏီကမူ တရုတ်စမတ်ဖုန်းကုမ္ပဏီများသို့ Liquid-crystal display အမျိုးအစား ဖန်သားပြင်ရောင်းချရေးကန်ထရိုက်များရရှိခဲ့သဖြင့် အောင်မြင်မှုရရှိနေကြောင်း၊ Sharp ကုမ္ပဏီသည် အနောက်ဘက်ထက် အီလက်ထရွန်နစ်ပစ္စည်း အရောင်းကောင်းသည့် တောင်ဘက်သို့ ဈေးကွက်ချဲ့ထွင်နေပြီး လာမည့်နှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမြို့ကြီးများ၌ ရောင်းအားမှာ ၂၀၁၂ ခုနှစ်ကထက် မြင့်တက်ကာနှစ်စဉ်ရောင်းအား၏ ၃၀ ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်ဟုဆိုကြောင်း ရေးသားဖော်ပြထားသည်။

သြစတြီးယားနိုင်ငံထုတ် News သတင်းစာက သြစတြီးယားပို့ဆောင်ရေး၊ တီထွင်မှုနှင့် နည်းပညာဝန်ကြီး ဒိုရစ်ဘူရက်စ်သည် ပြီးခဲ့သော သီတင်းပတ်က အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း၊ ခရီးစဉ်အတွင်း အခြေခံအဆောက်အအုံစီမံကိန်းများနှင့်ပတ်သက်သော သြစတြီးယား၏ နည်းပညာများကို အသိပေးပြောကြားခဲ့ကြောင်း၊ ဝန်ကြီးဒိုရစ်ဘူရက်စ်သည်"အာရှကျား"အသစ်အဖြစ် ရောက်ရှိလာမည်ဟု ယူဆရသော မြန်မာနိုင်ငံသို့ လာရောက်သည့် ပထမဦးဆုံး သြစတြီးယားဝန်ကြီးတစ်ဦးဖြစ်ကြောင်း ဝန်ကြီးဒိုရစ်ဘူရက်စ်သည် သမ္မတ ဦးသိန်းစိန်နှင့်တွေ့ဆုံပြီး အကောင်အထည်ဖော်မည့် အခြေခံအဆောက်အအုံစီမံကိန်းများ၌ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ရေးသားဖော်ပြထားသည်။

ဆွစ်ဇာလန်နိုင်ငံထုတ် Die Sudostschweiz သတင်းစာက အာဆီယံနိုင်ငံခေါင်းဆောင်များသည် မေ ၁၀ ရက်နှင့် ၁၁ ရက်နေ့များက မြန်မာနိုင်ငံ နေပြည်တော်တွင်ကျင်းပသော ထိပ်သီးအစည်းအဝေးတစ်ခု၌ တွေ့ဆုံခဲ့ကြကြောင်း၊ ယင်းထိပ်သီးအစည်းအဝေး၌ တရုတ်နှင့်အာဆီယံအဖွဲ့ဝင် ဗီယက်နမ်နိုင်ငံတို့အကြား ဖြစ်ပွားနေသော တောင်တရုတ်ပင်လယ်ပြဿနာကို အလေးထားဆွေးနွေးခဲ့ကြောင်း၊ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံကလည်း တောင်တရုတ်ပင်လယ်ရှိ ၎င်းတို့ရေပိုင်နက်အတွင်း တရုတ်တို့ ဝင်ရောက်ငါးဖမ်းသည်ဟုဆိုကာ တရုတ်နိုင်ငံနှင့် အချင်းများနေကြကြောင်း၊ တစ်ချိန်တည်းမှာပင် မလေးရှားနှင့် ဘရူနိုင်းနိုင်ငံများကလည်း တောင်တရုတ်ပင်လယ်အတွင်း တရုတ်တို့နှင့် ပိုင်နက်အငြင်းပွားမှုများ ဖြစ်နေကြကြောင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဘရူနိုင်းတို့သည် တရုတ်နှင့်အငြင်းပွားမှုဖြစ်နေကြသော်လည်း တရုတ်နှင့် စစ်မက်ဖြစ်ပွားရမည့်အခြေအနေကို မလိုလားကြသလို ကျန်အာဆီယံနိုင်ငံများကလည်း မလိုလားကြကြောင်း၊ ထို့ကြောင့် ထိပ်သီးအစည်းအဝေး၌ တောင်တရုတ်ပင်လယ်ပြဿနာကို ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာကြရန် အာဆီယံနိုင်ငံခေါင်းဆောင်များက ဆွေးနွေးခဲ့ကြကြောင်း ရေးသားဖော်ပြထားသည်။

အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီ ထားဝယ်၌ ဒေသခံများနှင့်ညှိနှိုင်းတွေ့ဆုံ

နေပြည်တော် မေ ၂၁

အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ အလုပ်ရှင်၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းတွေ့ဆုံပွဲကို မေ ၁၉ ရက် မွန်းလွဲပိုင်းက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ယခုကဲ့သို့ တွေ့ဆုံပွဲပြုလုပ်ရခြင်းမှာ နိုင်ငံတော်အနေဖြင့် ပြည်သူ့အကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်သူဗဟိုပြုသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအကျိုးပြုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထု၏ အဆင်မပြေမှုများ ကြုံတွေ့ရသည့် အခက်အခဲများစသည့် ပြဿနာများကို စုပေါင်းညှိနှိုင်းဖြေရှင်း အဖြေထုတ်ပေးရန်ဖြစ်ကြောင်း၊ အလုပ်သမားများ၊ တောင်သူလယ်သမားများအနေဖြင့်လည်း အခက်အခဲများ၊ အဆင်မပြေမှုများရှိပါက ဆွေးနွေးပေးစေလိုကြောင်းဖြင့် ပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးသိန်းလွင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမား၊ တောင်သူလယ်သမားများ ကိုယ်စားလှယ်များအနက် နှစ်ဦးက မေးခွန်းသုံးခုမေးမြန်းခဲ့သည်။

ထို့နောက် ဆပ်ကော်မတီဥက္ကဋ္ဌက ယခုဆွေးနွေးပွဲတွင် မေးမြန်းသည့် မေးခွန်းများကို ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးထားပြီးဖြစ်၍ အခြားဆောင်ရွက်ပေးရန် ကိစ္စများကျန်ရှိပါကလည်း အချိန်မီဆောင်ရွက်ပေးနိုင်ရေးအတွက် တင်ပြပေးရန် ကိစ္စများကို အသေးစိတ်ဆွေးနွေးပြောကြားသည်။

ယနေ့အခမ်းအနားတွင် ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်သမားများနှင့် တောင်သူလယ်သမား ကိုယ်စားလှယ်ပေါင်း ၃၆၅ ဦး တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းသည် နံနက် ၁၀ နာရီတွင် ထားဝယ်အထူးစီးပွားရေးဇုန်၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသားပိုင်ကုမ္ပဏီများမှ နိုင်ငံခြားသားများ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ဝင်/ထွက်သွားလာမှုများ၊ နေခွင့်သက်တမ်းကျော်လွန်မှု ရှိ/မရှိနှင့် နေခွင့်သက်တမ်းတိုး ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားသား ကုမ္ပဏီများက မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဝန်ထမ်းများအပိုင်းကလည်း ရည်ရွယ်ချက်၊ ရည်မှန်းချက်များစွာဖြင့် ဆောင်ရွက်နေမှုများကို သိရှိနားလည်ပြီး မိမိတို့ဌာန၏တာဝန်များကို ထမ်းဆောင်ရာတွင် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများ ဘောင်အတွင်းမှ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာနှင့်ပြည်တွင်းသတင်း

အဖြေရှာရန်ခက်နေသေးသည့် ထိုင်းနိုင်ငံအကျပ်အတည်း

ဘာသာပြန် ထန်နိုး

ထိုင်းနိုင်ငံရေးပြိုင်ဘက်အုပ်စုများသည် ထိပ်တိုက်ရင်ဆိုင်မှု အဆုံးသတ်ရေးကို ရည်ရွယ်သည့် နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရေးဆွေးနွေးပွဲတွင် ၎င်းတို့၏ ဆန္ဒပြမှုများရပ်တန့်ရန် သဘောတူညီခြင်းမရှိကြောင်း အစိုးရထောက်ခံသော တက်ကြွလှုပ်ရှားသူတစ်ဦးက ပြောကြားသည်။

စစ်တပ်က အင်္ဂါနေ့ ရုတ်တရက် ကြားဝင်ဖြေရှင်းပေးမှုမှာ စစ်အာဏာသိမ်းခြင်းမဟုတ်ဟု ငြင်းဆိုထားသည့်တိုင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာသည် နိုင်ငံရေးအကျပ်အတည်းတွင် အုပ်စုများနှင့် အဖွဲ့အစည်းများကို အဓိကအခန်းကဏ္ဍမှ ပါဝင်စေပြီး ဆွေးနွေးရေးအစီအစဉ်ရေးဆွဲပြုစုသည်ဟု ယူဆရသည်။

အကျပ်အတည်းဖြေရှင်းရေး ဆွေးနွေးပွဲတွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြသမားများ၏ တောင်းဆိုချက်ဖြစ်သော နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ရေး အကြမ်းဖက်မှု ဖြစ်ပွားစေခဲ့သည့် ဆန္ဒပြမှုများ ရပ်တန့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

အစိုးရလိုလားသော "ရှပ်နီ" နိုင်ငံရေးအုပ်စုခေါင်းဆောင် သီတာဝန်ဆက်က အုပ်စုတစ်ခုချင်းအနေဖြင့် ဆန္ဒပြမှုရပ်တန့်နိုင်ခြင်း ရှိ မရှိ မေးမြန်းချက်ကို ဖြေကြားရာတွင် ရပ်တန့်နိုင်မည်ဟု မည်သည့်ဘက်ကမှ ကတိကဝတ်ပြုခြင်းမရှိကြောင်းနှင့် ဆွေးနွေးပွဲတွင် ပြတ်သားသော ဖြေရှင်းချက်မရရှိကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဆွေးနွေးပွဲတက်ရောက်သူတစ်ဦးဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးချုပ် ပွချန့်နူထရာဝုန်က သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးသည် ကြာသပတေးနေ့တွင် ထပ်မံတွေ့ဆုံကြမည်ဖြစ်သည်ဟု ပြောကြားသည်။

ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အား နေအိမ်ပြန်သွားကြရန်နှင့် နိုင်ငံတော်တည်ငြိမ်ရေးအတွက် ဖြေရှင်းချက်ရရှိရေးနှင့်ပတ်သက်၍ ဆွေးနွေးသည့် ကိစ္စရပ်များကို စဉ်းစားသုံးသပ်ကြရန် မေတ္တာရပ်ခံသည်ဟု ပွချန့်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများက ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ သစ္စာခံအုပ်အနိုင်ရဖွယ်ရှိသည့်ရွေးကောက်ပွဲကိုဆန့်ကျင်ပြီး သက်ဆင်၏သြဇာလွှမ်းမိုးမှုအဆုံးသတ်ရေးကိုရည်ရွယ်သည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပုံဖော်ပေးမည့် ကြားနေဝန်ကြီးချုပ်တစ်ဦး ခန့်အပ်ရန် လိုလားကြသည်။

တစ်ဖက်တွင် အိမ်စောင့်အစိုးရက ရွေးကောက်ပွဲသည်သာလျှင် ပဋိပက္ခဖြေရှင်းရေးအကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ရှုမြင်ပြီး ဩဂုတ် ၃ ရက်တွင် ရွေးကောက်ပွဲကျင်းပရန် အဆိုပြုခဲ့သည်။ သို့ရာတွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများက ဖေဖော်ဝါရီလရွေးကောက်ပွဲကို နှောင့်ယှက်သကဲ့သို့ ဩဂုတ်လရွေးကောက်ပွဲကိုလည်း နှောင့်ယှက်မည်ဖြစ်သည်ဟု အခိုင်အမာပြောကြားထားသည်။

ဗုဒ္ဓဟူးနေ့ဆွေးနွေးပွဲတွင် သက်ဆိုင်ရာ အုပ်စုအားလုံးအနေဖြင့် ကြားဖြတ်ဝန်ကြီးချုပ်ခန့်အပ်ရေး လက်ခံနိုင်ခြင်းရှိ မရှိ မည်သည့်ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်နိုင်မည် စသည့်ကိစ္စရပ်များကို ဆွေးနွေးဖြစ်ခဲ့ကြသည်ဟု "ရှပ်နီ"အုပ်စုခေါင်းဆောင်က ပြောကြားသည်။

သက်ဆိုင်ရာအုပ်စုအားလုံးသည် ဆွေးနွေးသည့်ကိစ္စရပ်များကို စဉ်းစားသုံးသပ်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် အပြီးသတ်သဘောတူညီချက်မရရှိကြောင်း၊ အုပ်စုတစ်ခုချင်းစီအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် အိမ်စာပေးလိုက်ခြင်းဖြစ်ကြောင်း စစ်တပ်ဒုတိယပြောရေးဆိုခွင့်ရှိသူ ဝင်ထိုင်းဆုဗာရီက သတင်းထောက်များအား ပြောကြားသည်။

ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဦးဆောင်အကောင်အထည်ဖော်ပေးမည့် ကြားဖြတ်ဝန်ကြီးချုပ်အား အထက်လွှတ်တော်မှ ခန့်အပ်ရေးကို လိုလားသည်ဟု ယုံကြည်ရကြောင်း စစ်ဘက်သတင်းအရင်းအမြစ်များက ပြောကြားသည်။

မြန်မာအသင်း ခြေစွမ်းမပြနိုင်ဘဲ ရှုံးနိမ့်

နေပြည်တော် မေ ၂၁

AFC Challenge Cup ဘောလုံးပြိုင်ပွဲအုပ်စု (က) ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ပါလက်စတိုင်းအသင်းတို့သည် ယနေ့ညနေပိုင်းက မော်လ်ဒိုက်နိုင်ငံတွင် ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းခြေစွမ်းမပြနိုင်သဖြင့် ပါလက်စတိုင်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

၅၁မိနစ်တွင် စည်သူအောင်၏ကန်ချက် တိုင်ထိထွက်ခဲ့သလို ၇၃ မိနစ်တွင် ရန်ပိုင်၏အပိုင်ကန်ချက်ကိုလည်း ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ ပါလက်စတိုင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းပြီးခါနီးတွင် အယ်ဘာဒါရီနှင့် ၅၃ မိနစ်တွင် ဖာဝါဂီရာတို့က သွင်းယူပေးခဲ့သည်။ ယခုပွဲအပြီးတွင် ပါလက်စတိုင်းအသင်းက နှစ်ပွဲနိုင်၊ ခြောက်မှတ်ရရှိထားပြီး မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်ရရှိထားသည်။ **ဖိုးသော်ဇင်**

မြို့နယ်အုပ်ချုပ်ရေးမှူး တံခွန်စိုက်ဖလား လက်ဝှေ့ပြိုင်ပွဲ ကျင်းပ

ပျဉ်းမနား မေ ၂၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက် တပေါင်းကွင်း မိုးလုံလေလုံဇာတ်ရုံကြီးတွင် မေ ၁၉ ရက် ညနေ ၆ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကလပ်အသင်းများနှင့် ရပ်ကွက်အသင်းပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲဒုတိယနေ့အဖြစ် ကျင်းပသည်။ **(အောက်ပုံ)**

ပြိုင်ပွဲကို မေ ၁၈ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာကျင်းပခဲ့သည်။ ပြိုင်ပွဲတွင်မြို့ပေါ် ရပ်ကွက် အသီးသီးမှ ကလပ်အသင်းခြောက်သင်းဝင်ရောက်ယှဉ်ပြိုင်သည်။ ရန်အောင်(၁)ကလပ်အသင်း၊ ရန်အောင်(၂)ကလပ်အသင်း၊ ဘုရိုက်စတားကလပ်အသင်း၊ မင်္ဂလာကလပ်အသင်း၊ M.Hero ကလပ်အသင်းများ ဝိတ်တန်းအလိုက်ယှဉ်ပြိုင်ကြရာ ဘုရိုက်စတားအသင်းကသုံးပွဲ၊ ရွှေတောင်သာအသင်းက လေးပွဲ၊ ရန်အောင်(၁)ကလပ်အသင်းကနှစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိသည်။

ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဒေါက်တာပေါ်မြင့်ဦးက ယခုကဲ့သို့ ပြိုင်ပွဲကျင်းပရခြင်းသည် တစ်ချိန်ကပျဉ်းမနားမြို့မှ ပေါ်ထွက်ခဲ့သော"ကျွန်းဆွယ်ချန်ပီယံဦးနီလုံး"ကဲ့သို့ နိုင်ငံလက်ဝှေ့ကျော်များပေါ်ထွန်းလာစေရေး၊ မြို့နယ်အဆင့်မှ တိုင်းဒေသကြီးအဆင့် မျိုးဆက်သစ်လက်ဝှေ့လူငယ်ကောင်းများ အောင်မြင်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး အဓိကရည်ရွယ်သည်ဟု ပြောသည်။ ပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

တောင်ငူမြို့ မြို့မဈေးကြီး မီးလောင်ပြင်နေရာတွင် ခေတ်မီဈေးသစ်ကြီး ပြန်လည်တည်ဆောက်မည်

တောင်ငူ မေ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မဈေးကြီး ဖေဖော်ဝါရီ ၁၃ ရက်က မီးလောင်ကျွမ်းခဲ့ရာ ဈေးရုံပေါင်း ၃၈ ရုံရှိသည့်အနက် ၁၈ ရုံ နီးပါးနှင့် ဈေးဆိုင်ခန်းပေါင်း ၁၃၆၄ ခန်းမီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ယင်းဈေးဆိုင်ခန်းပေါင်း ၁၃၆၄ ခန်းအနက် ယာယီဆိုင်ခန်းပေါင်း ၆၇၂ ခန်းကို တောင်ငူမြို့နယ် မိုင်ဒါကွင်းမြေနေရာတွင် အကျယ် ရှစ်ပေ အနံ ကိုးပေ၊ ကွန်ကရစ်ခင်း၊ သံဖရိန်၊ သွပ်မိုး၊ သွပ်ကာတို့တည်ဆောက်ထားပြီး သန့်စင်ခန်းအတွက် ရေလောင်းအိမ်သာများပါ ထည့်သွင်းတည်ဆောက်ထားရှိသည်။ တည်ဆောက်ခဲ့ပြီးသည့် ယာယီဆိုင်ခန်းများကို ဧပြီ ၂၁ ရက်က ဖွင့်လှစ်ရောင်းချရန် စည်ပင်သာယာရေးဦးစီးဌာနမှ နှီး ဆော်တိုက်တွန်း ထားသော်လည်း ရာသီဥတုပူပြင်းသောကြောင့် နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိသာ ရောင်းချနိုင်ကြောင်း ဈေးရောင်းချသူတစ်ဦးက ရှင်းပြသည်။

ယင်း မီးဘေးသင့်ဈေးသူဈေးသားများကိုသမဝါယမဘဏ်လီမိတက် ငွေစုငွေချေးလုပ်ငန်းက မေ ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်သုတ်ခွဲကာ မီးဘေးသင့် ဈေးသူဈေးသားများထံမှ အမည်ပေါက်ပိုင်ဆိုင်မှုအထောက်အထားပြနိုင်သူ ဆိုင်ရှင် ၁၉၉ ဦးမှ ဆိုင်ခန်းပေါင်း ၃၃၉ ခန်းအတွက် သိန်းပေါင်း ၉၉၂၀ ကိုထုတ်ချေးပေးခဲ့ကြောင်း မီးဘေးသင့်ဆိုင်ခန်းပိုင်ရှင်များထံမှ သိရသည်။ တောင်ငူ မြို့မဈေးကြီးမီးလောင်မှုဖြစ်ပွားပြီး သုံးလအကြာ မီးလောင်ပြင်နေရာတွင် ခေတ်မီဈေးသစ်ကြီး ပြန်လည်တည်ဆောက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များကို မေ ၁၇ ရက်တွင် တည်ဆောက်မည့်ပုံစံနှင့် တကွ အဆိုပြုလွှာတင်ရန်ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယင်းတင်ဒါခေါ်ယူခြင်းသည် ဈေးသူဈေးသားများ၏ သဘောဆန္ဒနှင့်အညီ ဈေးသစ်ကြီး ပြန်လည်တည်ဆောက်ရန် တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။

တောင်ငူ မြို့မဈေးသစ်ကြီးကို ဈေးလမ်း၊ သံဖြူတန်းလမ်း၊ (၆)လမ်း၊ ကုန်သည်ကြီးလမ်းအကြားရှိ မြေဧရိယာ ၃ ဒသမ ၃၉ ဧကပေါ်တွင် ဆောက်လုပ်ရမည်ဖြစ်သည်။ အဆင့်မြင့်ဈေးသစ်ကြီးတွင် ဆိုင်ခန်းပေါင်း ၁၄၅၉ ခန်းကို မြေညီထပ်မူလနေရာတွင် အနီးစပ်ဆုံးအခမဲ့ပြန်လည်ဆောက်ပေးရမည်ဖြစ်ပြီး အပေါ်ထပ်တွင် ရင်းနှီးမြှုပ်နှံသူ (Developer) က ခံစားခွင့်ရမည်ဖြစ်ပြီး အပေါ်ထပ်တွင်လူနေအိမ်ခန်းများမှအပ Shopping Mall များ၊ Show Room များ၊ အလှပြင်ဆိုင်များ၊ ကုမ္ပဏီရုံးခန်းများ ထားရှိနိုင်သည်။ ဈေးသစ်ကြီး၏ အနာဂတ်မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်သည့်စနစ်များ အဆင့်မီအစီအမံများပါရှိမည်ဖြစ်သည်။ အဆင့်မြင့်ဈေးသစ်ကြီး အနီးတစ်ဝိုက်ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ကားပါကင်အတွက် မြေအောက်ထပ်ထားရှိပြီး စက်လှေကားတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

နွေရာသီ တိုက်ကွမ်ဒိုသင်တန်းဆင်း ပြိုင်ပွဲကျင်းပ

မန္တလေး မေ ၂၁

၂၀၁၄ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒို အားကစားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုက်ကွမ်ဒို အားကစားသမားများရွေးချယ်ပွဲနှင့် နွေရာသီတိုက်ကွမ်ဒိုသင်တန်းဆင်းအဆင့်ပြိုင်ပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ရှိ ဗထူးအားကစားခန်းမ၌ကျင်းပရာ ပြင်ဦးလွင်မြို့နယ် မန္တလေးဗထူးကလပ်တို့မှ တိုက်ကွမ်ဒိုပြိုင်ပွဲဝင်အားကစားသမားများ၊ သင်တန်းသား သင်တန်းသူ ၆၀ တို့ ပါဝင်ကြကာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုက်ကွမ်ဒို ဆပ်ကော်မတီအတွင်းရေးမှူး နည်းပြချုပ် ဦးခင်ကိုကျော်မင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ တိုက်ကွမ်ဒို အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ရွေးဦးစွာ တိုက်ကွမ်ဒိုအားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြကာအခြေခံနှင့် အဆင့်မြင့်တိုက်ကွမ်ဒိုနည်းစနစ်များစုပေါင်း သရုပ်ပြကြပြီး တိုင်းဒေသကြီးကိုယ်စားပြု ပါဝင်နိုင်ရေးအတွက် တိုက်ကွမ်ဒိုအားကစားသမားများက အတိုက်ပြိုင်ပွဲနှင့် ကကွက်ပြိုင်ပွဲများကို အတန်းလိုက်ယှဉ်ပြိုင်ကြရာ ဆုရအားကစားသမားများ၊ သင်တန်းဆင်းများအား တာဝန်ရှိသူများက ဆုများ၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါရွေးချယ်ပြိုင်ပွဲအပြီးတွင် အမျိုးသား ၅၄ ကီလိုအောက်ပင်းဝိတ်တန်းတွင် အောင်ပြည့်ထွန်း (ဗထူးကလပ်)က ပထမ၊ ဖြိုးမင်းခန့် (ပြင်ဦးလွင်)က ဒုတိယ၊ ၅၄-၅၈ ကီလိုတန်း ဖလိုင်းဝိတ်တန်းတွင် မောင်ဝေယံ(ရတနာပုံ)က ပထမ၊ ကျော်ဇင်သန့် (ဗထူးကလပ်)က ဒုတိယ၊ ၅၈-၆၃ ကီလိုဘင်တမ်ဝိတ်တန်းတွင် ဖေယျာအောင် (ဗထူးကလပ်)က ပထမ၊ စိုးမြသူဝင်း (ပြင်ဦးလွင်)က ဒုတိယ၊ ၆၃-၆၈ ကီလိုတန်းပြိုင်ပွဲတွင် ကျော်သဲဦး (ဗထူးကလပ်)က ပထမ၊ မင်းဟိန်းခန့် (ပြင်ဦးလွင်)က ဒုတိယ ရရှိကြကာ အမျိုးသမီးပွဲစဉ်ပြိုင်ပွဲ ၄၆ ကီလိုတန်းအောက် ပင်းဝိတ်တန်းတွင် မဆောင်းဆုဆုထက်(ဗထူး ကလပ်)က ပထမ၊ မတင့်တင့်ထူး (ပြင်ဦးလွင်)က ဒုတိယ၊ ၄၆-၄၉ ကီလိုအောက် ဖလိုင်းဝိတ်တန်းတွင် မသန်းသန်းထက် (ဗထူးကလပ်)က ပထမ၊ မနန်းမြင့်အေး (ပြင်ဦးလွင်) က ဒုတိယ ဆုများရရှိခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး ဒေသဖွံ့ဖြိုးရေးနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ ကိစ္စရပ်များကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့သည် မေ ၁၅ ရက်က မိုးကောင်းမြို့ မြို့နယ်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မိုးကောင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ ရှေးဦးစွာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုသာ ဒေသဖွံ့ဖြိုးရေးများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ် အနောက်ဘက်ခြမ်းဒေသများသည် ယခင်က အသေးစားရေအားလျှပ်စစ်၊ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် အချိန်ပိုင်း ဓာတ်အားရရှိခဲ့ရာမှ ယခုအခါ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင်ဒေသ၊ အင်းတော်ကြီးဒေသတစ်လျှောက်ရှိ ကျေးရွာများကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိနေပြီဖြစ်ပါကြောင်း၊ ကျေးရွာမီးလင်းရေးများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကာမိုင်းသို့ ၃၃ ကေဗွီဓာတ်အားလိုင်း ၂၇ မိုင် တည်ဆောက်လျက်ရှိရာ ဓာတ်အားလိုင်းတစ်လျှောက်ရှိ ကျေးရွာ ၁၁ ရွာသည် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို ရရှိတော့မည်ဖြစ်ပါကြောင်း၊ ဖားကန့်ဒေသ ဓာတ်အားရရှိရေးအတွက် မိုးကောင်း-ဖားကန့် ၆၆ ကေဗွီဓာတ်အားလိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများ၊ ရေအားသဘာဝ ဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် မေ ၁၆ ရက်တွင် ကချင်ပြည်နယ် ဟိုပင်မြို့ ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ဟိုပင်-အင်းတော်ကြီး ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆၃ ဒသမ ၂၅ မိုင် ဓာတ်အားပို့လွှတ်ခြင်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးပါလေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုင်းမောင်ရွှေ၊ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးညွန့်အောင်တို့က ဖွင့်ပွဲအခမ်းအနားမှုခ်ဦးကို ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်ပေးသည့် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများသည် ဟိုပင်မြို့နယ်နှင့် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ကျေးရွာများ နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အား ရရှိတော့မည်ဖြစ်ပါ၍ ကချင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အထူးပင်ဝမ်းသာပီတိဖြစ်ရပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယခုအခါ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားများကို မြစ်ကြီးနား-နမ္မတီး-မိုးကောင်း-ဟိုပင်-မိုးညှင်းမြို့များသို့ ၆၆ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ပေးခဲ့သဖြင့် ၄င်းမြို့များသည် ၂၄ နာရီလျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ ယခုတည်ဆောက်ပြီးသော အင်းတော်ကြီးဒေသ လျှပ်စစ်မီးရရှိရန် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများတည်ဆောက်ခြင်းအတွက် နိုင်ငံတော်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ သန်းနှင့် ငွေကျပ် ၂၂၄၈ ဒသမ ၉၅ သန်း ကုန်ကျခံ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်တော့မည်ဖြစ်သဖြင့် ဟိုပင်မြို့နယ် အင်းတော်ကြီးဒေသ ပတ်ဝန်းကျင်ကျေးရွာများသည် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအားလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဓာတ်အားခွဲရုံမှ ဓာတ်အားကိုခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာ မဟာဓာတ်အားလိုင်းမှ ဓာတ်အားပို့လွှတ်ခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းမောင်ရွှေ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က အခမ်းအနားမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်ဇိုခိုင်က မဟာဓာတ်အားလိုင်းမှ ဓာတ်အားကို ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အင်းတော်ကြီးဒေသ လျှပ်စစ်ဓာတ်အားရရှိရေးများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ဟောင်လိတ်ကျေးရွာအုပ်စု ဟွေရယ်ကျေးရွာ ရွှေတောင်တန်းပရဟိတကျောင်းတိုက်တွင် မိဘမဲ့ ရင်သွေးငယ်များအား မေ ၂၀ ရက်က ဦးရဲထူး-ဒေါ်ရွှေမိုးသူဇာ တို့၏ သား မောင်စွမ်းထက်လှိုင်၏ ခြောက်နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် နေ့လယ်စာဖြင့် အာဟာရဒါနပြုလှူဒါန်းစဉ်။
မောင်ယဉ်ကျေး

လူကုန်ကူးမှုတိုက်ဖျက်ရေး
လူတိုင်းကိုယ်စီသတင်းပေး

ပြည်တွင်းသတင်းနှင့်ဖော်ပြ

❀ *ကျော်ဖုံးမှ*

သုံးဦး၊ လေယာဉ်ဝန်ထမ်း ၁၀ ဦးနှင့်အတူ ပြည်တွင်းပြည်ပ ခရီးသည် ၂၅၂ ဦး စုစုပေါင်း ၂၆၅ ဦးလိုက်ပါလာပြီး ထိုဖြစ်စဉ်ကြောင့် လိုက်ပါလာသည့်ခရီးသည် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရခဲ့ကြောင်း သိရသည်။ ၄င်းလေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ပြေးလမ်း ၂၁ အတိုင်းချဉ်းကပ်ဆင်းသက်စဉ် ပြေးလမ်းနှင့်စတင်ထိတွေ့ပြီးနောက် ပြေးလမ်းမြောက်ဘက် ထိပ်အစပ်မှ ပေ ၂၀၀၀ အရောက်တွင် မြေသားပေါ်သို့ လေယာဉ်ယာဘက်ဘီးများ စတင်ကျရောက်ရှိခဲ့ပြီးနောက် လေယာဉ်ဘီးနှစ်ဖက်လုံးကျသွားကာ ပေ ၄၀၀၀ အရောက်တွင် လေယာဉ်ပြေးလမ်းပေါ်သို့ ပြန်လည်ရောက်ရှိ ရပ်တန့်ခဲ့သည်။ ရပ်တန့်သွားခဲ့သည့် အဆိုပါလေယာဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေယာဉ်ဆွဲကားဖြင့် လေဆိပ်လေယာဉ်ရပ်နားရာနေရာသို့ ရွှေ့ပြောင်းဆိုက်ကပ်ခဲ့ရသည်။ လိုက်ပါလာသည့် လေယာဉ်မှူး၊ ဝန်ထမ်းများနှင့် ခရီးသည်များ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရခဲ့သော်လည်း လေယာဉ်ယာဘက်အတွင်းဘီးတစ်လုံးပေါက်ပြီး လေယာဉ်၏ ဝဲ၊ ယာ တောင်ပံအတွင်းပိုင်း အနည်းငယ် ထိခိုက်ခဲ့ကြောင်း သိရသည်။

"ဒီလေယာဉ်ဆင်းတဲ့အချိန်မှာ မိုးစတင်ရွာနေတာကိုတော့ တွေ့ရပါတယ်။ ဒါပေမယ့် လေယာဉ်တွေ ဆင်း/တက်လုပ်လို့ရတဲ့ ရာသီဥတုအခြေအနေမျိုးပါ။ အခြားလေယာဉ်တွေလည်း ပျံသန်းဆင်းတက်နေကြတာပါ။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ဘာ့ကြောင့်ဖြစ်တယ်ဆိုတာတော့ စင်ကာပူနိုင်ငံက လာရောက်စုံစမ်းစစ်ဆေးမှုတွေ လုပ်မှသိရမှာပါ။ သက်ဆိုင်ရာ စင်ကာပူနိုင်ငံလေကြောင်းလိုင်းက ဒီနေ့ပဲ လိုက်လာပြီး စုံစမ်းစစ်ဆေးမှုတွေလုပ်နေပါတယ်။ ခရီးသွားပြည်သူတွေအတွက်လည်း အဆင်ပြေအောင် စင်ကာပူလေကြောင်းလိုင်းက နောက်တစ်စင်းလိုက်လာပြီး ဆက်လက်ပျံသန်းသွားဖို့လုပ်နေပါတယ်" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက ပြောသည်။

အဆိုပါလေယာဉ်ပြေးလမ်းချော်မှုသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၂၀၁၄ ခုနှစ်အတွင်း ပထမဦးဆုံးအကြိမ်ဖြစ်ပြီး ယခင်နှစ်အနည်းငယ်အတွင်းက အိန္ဒိယလေကြောင်းလိုင်းတစ်ခုမှလေယာဉ် ယခုကဲ့သို့ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ဖူးကြောင်း မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စုံစမ်းသိရှိခဲ့ရသည်။

"အခုလို လေယာဉ်ပြေးလမ်းချော်မှုဖြစ်တာက အထူးသဖြင့် မိုးဦးကျပိုင်း/မိုးတွင်းပိုင်းတွေ အဖြစ်များပါတယ်။ ဘာ့ကြောင့်ဖြစ်တယ်ဆိုတာကတော့ ပုံသေပြောလို့မရဘူး။ အထူးသဖြင့်တော့ 3M ဆိုပြီး သုံးခုကြောင့် အဖြစ်များတာ တွေ့ရတယ်။ အဲဒီသုံးခုကတော့ လူကြောင့်ရယ်၊ စက်ကြောင့်ရယ်၊ မီဒီယာဆိုတဲ့ ကြားခံတစ်ခုခုကြောင့် ရယ်ပါ။ တချို့ပြေးလမ်းချော်မှုတွေက လူကြောင့်ဖြစ်တယ်၊ ပြီးတော့ လေယာဉ်စက်ချွတ်ယွင်းမှုကြောင့်လည်း ဖြစ်တတ်တယ်။ အခြားမီဒီယာဆိုတဲ့ ကြားခံတစ်ခုခုကြောင့်ဆိုတာကတော့ ဥပမာ ပျံသန်းလာတဲ့ ငှက်တွေကြောင့်လည်း ဖြစ်လေ့ဖြစ်ထရှိတတ်တယ်။ ဒီလိုပြေးလမ်းချော်မှုဖြစ်တယ်ဆိုရင် အများစုကတော့ လိုက်ပါလာတဲ့ ခရီးသည်တွေ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်တာ နည်းပါတယ်" ဟု အတွေ့အကြုံများသော မြန်မာလေယာဉ်မှူးတစ်ဦးက အဆိုပါဖြစ်စဉ်မျိုးနှင့်ပတ်သက်၍ သူ၏အတွေ့အကြုံကို မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နေ့စဉ်လေကြောင်းလိုင်း ၂၆ လိုင်းမှ လေယာဉ်အစင်း ၇၀ မှ ၈၀ ဝန်းကျင်အထိ ဆင်း/တက်ပျံသန်းလျက်ရှိပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ စင်ကာပူလေကြောင်းလိုင်းမှ စုံစမ်းစစ်ဆေးရေးအဖွဲ့များလိုက်ပါလာပြီး ခရီးစဉ်ဆက်လက်ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုးသည်းထန်လေပြင်းတိုက်မှုကြောင့် နေအိမ်အမိုးများလန်

မကွေး မေ ၂၁

ဂန့်ဂေါမြို့တွင် မေ ၂၀ ရက်က မိုးများသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်သဖြင့် ဂန့်ဂေါမြို့ အမှတ်(၁) မြောက်ကုန်းရပ်ကွက်တွင် နေအိမ်ခြောက်လုံးခန့် အမိုးများ လန်သွားသည်။ လူနှင့်တိရစ္ဆာန် သေကျေပျက်စီးဆုံးမှုမရှိဘဲ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၀၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

အမိုးများလန်သွားခဲ့သည့် နေအိမ်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည်။ **ခင်မာလာ(မကွေး)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အပူချိန်မြင့်မားမှုကြောင့် နို့ထွက်ရှိမှုနည်း၍ နို့စားနွားမွေးမြူရေးလုပ်ငန်းများ အခက်ကြုံ

မုံရွာ မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နို့စားနွားမွေးမြူရေး အထူးဇုန်တွင် နွားမွေးမြူရေး တောင်သူများအနေဖြင့် ဖရီရှန်နို့စားနွားမျိုးများကို မွေးမြူလျက်ရှိရာ ယခုရက်ပိုင်းအတွင်း အပူချိန်မြင့်တက်ခြင်း နို့အထွက်နှုန်းကျသဖြင့် အမြတ်နှုန်းနည်းပါးလျက်ရှိကြောင်း နွားမွေးမြူရေး တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လာတာကြာပါပြီ။ ဒီမှာက ဖရီရှန်နို့စားနွားမျိုးတွေ မွေးပါတယ်။ တစ်ကောင်ကို ငွေကျပ် ၁၀ သိန်းကနေပြီး ၁၅ သိန်းအထိ ပေးရတယ်။ နွားစာကိုတော့ ချောင်းဦးမြို့နယ်ထဲက ကျေးရွာတွေမှာ ထော်လာဂျီအသေးတစ်စီးကို ငွေကျပ် ၃၅၀၀၀၊ ပဲအရည်ထော်လာဂျီတစ်စီးကို ငွေကျပ် ၁၀၀၀၊ ပဲဖတ်ပုံး အသေးတစ်ပုံးကို ငွေကျပ် ၁၀၀ ပေးရတယ်။ နို့ထွက်ကောင်းတဲ့ နွားမတစ်ကောင် တစ်ရက်ကို နွားနို့ ပိဿာချိန် ၁၂ ပိဿာလောက် ထွက်တယ်။ အခုအချိန်က ရာသီဥတုကပူ၊ မိုးရွာတော့လည်း အပူချိန်မလျော့သွားဘဲ ပိုပြီးပူတော့ တစ်ရက်ကို အခု ရှစ်ပိဿာလောက်ပဲထွက်တယ်။ ရာသီဥတုကပူတော့ နွားတွေမောပြီး အစာမစားနိုင်ဘူး။ ဒါကြောင့် နို့ထွက်နှုန်းကျတယ်။ တွက်ခြေသိပ်မကိုက်ဘူး"ဟု နွားအထူးမွေးမြူရေးဇုန်မှ မွေးမြူရေးတောင်သူ ကိုနေလင်းက ပြောသည်။ **(အပေါ်ပုံ)**

ရာသီဥတုနှင့် ပတ်သက်၍ နွားများတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့်ပတ်သက်ပြီး "ရာသီဥတုကပူလိုက်၊ မိုးရွာလိုက်နဲ့ဆိုတော့ အခုအချိန်မှာ ပေါင်ပုပ်၊ လက်ပုပ်၊ ထောင့်သန်းရောဂါတွေနဲ့ ခွာနာလျှာနာရောဂါတွေဖြစ်တတ်တယ်။ ကာကွယ်ဆေးတွေတော့ ထိုးပြီးပြီ။ ပေါ့လို့တော့ မရဘူး။ အပူအအေးမမျှတော့ နွားမကြီးတွေရဲ့ နို့တံတွေနဲ့ နို့အုံတွေ ရောင်ရမ်းမှုမဖြစ်စေဖို့ နနွင်းလူးပေးတယ်။ နောက်ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်း လိုအပ်တဲ့ကာကွယ်မှုတွေ လုပ်ပေးတယ်။ ညွှန်ကြားပေးပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

နို့အထွက်နှုန်း၊ ဈေးနှုန်းနှင့် ပတ်သက်၍လည်း "အရင်က နို့တစ်ပိဿာကို ငွေကျပ် ၅၅၀ ဈေးနှုန်းနဲ့တုန်းကတော့ အထွက်နှုန်းကောင်းတယ်။ ဒါပေမယ့် အစာဈေးနှုန်းတက်လာတော့ အကြွေးတင်တယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်ကစပြီး နို့တစ်ပိဿာကို ကျပ် ၁၀၀ တိုးပေးတော့ ၆၅၀ ကျပ်ဖြစ်လာတယ်။ အကြွေးတွေ ဆပ်နိုင်တုန်းရှိသေးတယ်။ အပူချိန်မြင့်လာပြီး နို့ထွက်နှုန်းကျတာပဲ။ ဒီနွားမွေးမြူရေးအထူးဇုန်မှာ နွားကောင်ရေ ၃၀၀ ကျော်လောက်ရှိတယ်။ တစ်နေ့ကို နွားနို့ပိဿာချိန် ၁၇၀၀၀ လောက်ထွက်တယ်။ ရာသီဥတုကောင်းပြီး အပူလျော့သွားရင်တော့ နို့ထွက်နှုန်းကောင်းလာမှာပါ" ဟု ပြောသည်။

မုံရွာမြို့ နွားမွေးမြူရေးအထူးဇုန်နှင့် အနီးတစ်ဝိုက်ကျေးရွာများတွင် နွားမွေးမြူရေးတောင်သူ ၂၀၀ ကျော် မွေးမြူလျက်ရှိရာ ထွက်ရှိလာသော နွားနို့များကို နွားမွေးမြူရေးဇုန်အတွင်း နွားနို့ကောက်ယူရေးစခန်းတစ်ခု ဖွင့်လှစ်ကာ မြဘုရင်နို့ချက်စက်ရုံသို့ ပေးပို့လျက်ရှိကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၃၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၄၀၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၃၅၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၈၀၀-၃၂၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၂၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၀၀၀၀-၂၂၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၅၈၀၀-၁၂၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၀၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၀-၉၆၅
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၀-၁၃၃၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၆၅-၇၇၅
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၇-၃၀.၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၄.၅-၁၅.၂
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၂-၂၉၉

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ဝတ်အသစ်)	တစ်အိတ်	၁၆၅၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၀၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၅၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၈၀-၄၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၅၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၅၀-၁၄၇၅
အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၇၀-၆၄၀
ငရုတ်ရှည်(ညောင်ရမ်းမိုး)	တစ်ပိဿာ	၂၃၅၀-၂၄၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၇၀၀-၅၂၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဟားခါးမြို့ ရေပေးနိုင်ရေး သီး(စ်)မြစ်ရေကာတာဆောက်၍ မြစ်ရေတင်မည်

ဟားခါး မေ ၂၁

ချင်းပြည်နယ် ဟားခါးမြို့ကို ရေပေးဝေနိုင်ရေးအတွက် သီး(စ်)မြစ်ကို ရေကာတာဆောက်လုပ်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ မော်တာဖြင့် မြစ်ရေတင်ကာ ဟားခါးမြို့ထက် မြင့်သောနေရာတွင် ရေကန်ဆောက်လုပ်ပြီး ရေပေးဝေနိုင်ရေး လေ့လာတိုင်းတာနေကြောင်း သိရသည်။"ချင်းပြည်နယ်ရဲ့ မြို့တွေဟာ တောင်ပေါ်ဒေသတွေဖြစ်လို့ရေရှားပါးလှပါတယ်။ ဟားခါး၊ တီးတိန်၊ ဖလမ်းတို့မှာလည်း ရေရှားတယ်။ ဟားခါးမြို့ ရေရှားတာကို ဖြေရှင်းနိုင်ဖို့အတွက် ဟားခါးမြို့ရဲ့ အောက်ဘက်မှာရှိတဲ့ သီး(စ်)မြစ်ကို ရေကာတာဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့နဲ့ ဒီလျှပ်စစ်ဓာတ်အားနဲ့ပဲ ရေမော်တာတွေနဲ့ မြို့ထက်မြင့်တဲ့နေရာမှာ ရေကန်ဆောက်ပြီး ရေတင်ပါ့မယ်။ ရေကန်ကနေမှ ဟားခါးမြို့ကို ရေပေးဝေနိုင်ဖို့ကို ဂျပန်ကပညာရှင်တွေနှင့် လေ့လာတိုင်းတာနေပါတယ်။ နောက်ပြီးတော့ ဟားခါးမြို့ကနေ ၂၅ မိုင်ခန့်ဝေးတဲ့ ရမ်ဖလိုချောင်းကနေ ရေသွယ်ပြီး ဆောင်ရွက်နိုင်ဖို့ကိုလည်း လွှတ်တော်မှာတင်ပြထားပါတယ်"ဟု ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ပြောသည်။

ချင်းပြည်နယ်အတွင်းရှိ သဘာဝစိမ့်စမ်းများ၊ ချောင်း၊ မြောင်းများသည် သစ်တောများ ပြုန်းတီးလာမှု၊ တောမီးလောင်ကျွမ်းမှုတို့ကြောင့် ရေခန်းခြောက်လာနေရာ နွေရာသီကာလတွင် ရေပြတ်လပ်မှု ပိုလာကြောင်း သိရသည်။

သျှင်နေမင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မန္တလေးမြို့
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း(၂၈) ခုတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် အခြေခံကျောင်းများတွင် အဆောက်အအုံ (၁၉၈)လုံး အသစ်တည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၀-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

(ဌာနခွဲ-၂၊ ဘဏ္ဍာဌာန၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ မန္တလေးမြို့ ဖုန်း-၀၂-၃၉၁၇၂၊ ၃၉၁၇၅)

တင်ဒါခေါ်ယူရေးနှင့်တင်ဒါစိစစ်ရေးကော်မတီ
တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၃၆၆၊ မြေအကျယ် အလျားပေ ၄၀ × အနံပေ ၆၀ ဦးတင်အေးအမည်ပေါက် မြေချပါမစ်မြေကွက်အားဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသံချောင်း ၁၂/မဘန(နိုင်)၀၆၄၀၁၅ထံမှ အလျားပေ ၄၀×အနံပေ၆၀ အနက် အလျားပေ၂၀×အနံပေ၆၀ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားဝင်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အက်စတာမြတ်ထွေး LL.B, C.B.L, F.B.S.D.B.SP, A.P.S
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၁)
၅၅၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၈၂၁၈၇

ကိုမင်းဇော်(ခ)ကိုမင်းအောင် ၁၂/ကမတ(နိုင်)၀၅၆၇၃၁ နှင့် လင်ခန်းမယားခန်းပြတ်စဲသွားပြီဖြစ်ကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ မခိုင်ဇာဝင်း ၁၂/ကမတ(နိုင်)၀၅၇၄၄၁ သည် ကိုမင်းဇော်(ခ) ကိုမင်းအောင်နှင့် လွန်ခဲ့သည့် ၁၅နှစ်ခန့်ကတည်းက အကြင်လင်မယားအဖြစ် နေထိုင်ပေါင်းသင်းလာခဲ့ရာ ကိုမင်းဇော်(ခ)ကိုမင်းအောင်သည် လင့်ဝတ္တရားနှင့်အညီ ဇနီးဖြစ်သူအား ကျွေးမွေးစောင့်ရှောက်မှုမပြုသည့်အပြင် မိသားစု၏အရှက်နှင့် ဂုဏ်သိက္ခာကျဆင်းစေမည့် ခွင့်မလွှတ်နိုင်သည့် ဥပဒေချိုးဖောက်သည့် လုပ်ရပ်များကို ပြုမူလာခြင်း၊ ဇနီး မခိုင်ဇာဝင်း ရှိပါလျက် အခြားအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ရေးဖောက်ပြန်ခြင်းဖြင့် မခိုင်ဇာဝင်းအား ရက်စက်မှုကျူးလွန်လာ၍ ၎င်းအနေဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပေါ်လာသဖြင့် ယနေ့မှစ၍ ၎င်းနှင့်လင်ခန်းမယားခန်းပြတ်စဲသွားပြီဖြစ်ကြောင်းနှင့် နောက်နောင် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခိုင်ဇာဝင်းအား မည်သည့်ကိစ္စနှင့်မျှ အနှောင့်အယှက်မပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။ ဒေါ်ခိုင်ဇာဝင်းအနေဖြင့် ကိုမင်းဇော်(ခ)ကိုမင်းအောင်နှင့် မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်း ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူတော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(ဦးညွန့်ရှိန်) (စဉ်-၂၈၀၄)
တရားလွှတ်တော်ရှေ့နေ

(ဦးစောရွှေဝင်း) (စဉ်-၃၆၃၃၆)
အထက်တန်းရှေ့နေ

အခန်း (E-10)၊ အမှတ် ၅၀၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ တိုက် ၄၊ အခန်း ၄၂၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့



ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈၊ မြေကွက်အမှတ် ၁၆၈၃၊ ဗိုလ်ချုပ်လမ်း၊ မြေအကျယ် အလျားပေ၄၀×အနံပေ၆၀ ရှိသည့်အနက် (ခေါင်းရင်းခြမ်း) အလျားပေ၂၀×အနံပေ၆၀ မြေချပါမစ်အားမြေအမည်ပေါက် ဒေါ်မြမြသန်း ကေပီဂျီ-၁၆၃၀၁၂ ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ဝင်း ၁၂/လမန(နိုင်) ၀၈၃၆၉၆ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားဝင်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အက်စတာမြတ်ထွေး LL.B, C.B.L, F.B.S. D.B.SP, A.P.S
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၁)
၅၅၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၈၂၁၈၇

အမည်ပြောင်း

သံဖြူဇရပ်မြို့နေ ဦးတင်စိုး၏သား အထက (၁) စတုတ္ထတန်းအောင်မှ ဟိန်းကမ္ဘာစိုးအား ဟိန်းပိုင်စိုးဟုပြောင်းလဲခေါ်ပါရန်။

ဟိန်းပိုင်စိုး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၈/၆၁၁၉ Suzuki Carry DA 21T P/U (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ ၁၂/ဒဂန(နိုင်)၀၂၆၁၉၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

စာအုပ်စာပေ တို့မိတ်ဆွေ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ယူရို ခုနစ်သန်း အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံ ကျေးလက်ဒေသအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ယူရို ခုနစ်သန်း အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၂၀ ရက် နံနက် ၁၁ နာရီခွဲက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံစီမံချက်အတွက် အကူအညီငွေ ယူရိုခုနစ်သန်း ပေးအပ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ကိုယ်စားနိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး ဌာနကိုယ်စား မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သိန်းနှင့် ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (KFW) ကိုယ်စား KFW ဥရောပနှင့် အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Roland Siller၊ KFW (ရန်ကုန်ရုံး) ညွှန်ကြားရေးမှူး Mr. Christian Richer တို့က လက်မှတ်ရေးထိုးကြသည်။

ယခု သဘောတူစာချုပ်အရ ဂျာမန်အစိုးရ၏ အထောက်အပံ့ဖြင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် KFW မှ အကူအညီငွေ ယူရိုခုနစ်သန်းပေးအပ်ခြင်းဖြင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသလမ်းများနှင့်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရရှိကာ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားရေးအခြေအနေများ တိုးတက်လာမည်ဖြစ်သည်။

ယခုပေးအပ်သော ဂျာမန်ဖွံ့ဖြိုးရေးဘဏ်၏ ယူရို ခုနစ်သန်းသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဂျာမနီနိုင်ငံက မြန်မာနိုင်ငံသို့ ၂၅ နှစ်အတွင်း ပထမဆုံးပြန်လည်ပေးအပ်သည့် အထောက်အပံ့ ဖြစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဒေါက်တာလင်းအောင်၊ ဒေါ်လဲ့လဲ့သိန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး Mr. Weber- Lortsch၊ KFW ဥရောပနှင့် အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Roland Siller၊ KFW (ရန်ကုန်ရုံး) ညွှန်ကြားရေးမှူး Mr. Christian Richer နှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရဆောင်းပါးများစာရင်းထုတ်ပြန်

ရန်ကုန် မေ ၂၁

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကျင်းပခဲ့ရာ ဆောင်းပါးစာမူများအား ပညာရှင်အသီးသီးပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ပြီး ဆုရဆောင်းပါးရှင်များစာရင်းကို ယနေ့ထုတ်ပြန်ထားသည်။

စဉ်	အမည်	အဖအမည်	နေရပ်လိပ်စာ	ရရှိသောဆု
၁။	မင်းစိုးသူရ	ဦးမောင်အေး	အမှတ်(၁၄) တိုက်(၇၄၈) ပိတောက်အိမ်ရာ၊နေပြည်တော်။	ပထမ
၂။	ဝင်းကိုကို	ဦးကျော်လုံး	တပ်မတော်ဆေးဝါးစက်ရုံ (မှော်ဘီ)	ဒုတိယ
၃။	စိုးထက်အောင်	-	အမှတ်(၁)ဝေဘာဂီအိမ်ရာ၊ ဝေဟင်လမ်း၊ (၄) ရပ်ကွက် မြောက်ဥက္ကလာပ။	တတိယ
၄။	ဆုပိုင်ဆွေ	ဦးအောင်ကြည်	တိုက်(၅၀)အခန်း(၁)၊ ဖဆပလအိမ်ရာ မင်္ဂလာတောင်ညွန့်။	နှစ်သိမ့်ဆု
၅။	မစိုးစန္ဒာပြည့်	ဦးသန်းပြည့်	A/2 မြသီဂီဆောင်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်	နှစ်သိမ့်ဆု
၆။	အောင်ဇော်မျိုး	ဦးဇော်ညွန့်	၃၂ လမ်း၊ ၇၄-၇၅ လမ်းကြား လုံးခင်းတည်းခိုခန်းရှေ့ မန္တလေးမြို့။	နှစ်သိမ့်ဆု

ဆုရရှိသူများသည် မေ ၃၁ ရက် နံနက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ "ပန်ဒါဟိုတယ်"၌ ကျင်းပမည့်အခမ်းအနားသို့ တက်ရောက်၍ ဆုရယူရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဒေါက်တာတင်ကျော်ဦး ဒုတိယစီမံကိန်းမန်နေဂျာ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဖုန်းနံပါတ် ၀၉-၅၃၀၀၃၀၁ နှင့် ဦးထွန်းငြိမ်း ဦးစီးအရာရှိ(စီမံ) ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဖုန်း-၀၉-၂၅၄၂၅၆၀၆၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥပဒေပါ အခွင့်အရေးများရရှိမှု ရှိ/မရှိ စစ်ဆေးကြည့်ရှု

လှိုင်ကော် မေ ၂၁

ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်သည် ရုံးအဖွဲ့မှူးနှင့် လှိုင်ကော်ခရိုင် တရားသူကြီးတို့ လိုက်ပါလျက် မေ ၁၉ ရက် နံနက် ၁၀ နာရီက လှိုင်ကော်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မောင်ဌေးက အကျဉ်းသား/ အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဥပဒေပါအခွင့်အရေးများရရှိမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(ယာပုံ)** ပြည်နယ်တရားသူကြီးချုပ်က အကျဉ်းသား/ အချုပ်သားများနှင့် တွေ့ဆုံမေးမြန်းပြီးနောက် အကျဉ်းထောင်ရှိ စစ်ဆေးကြည့်ရှုခြင်း မှတ်တမ်းစာအုပ်တွင် မှတ်ချက်များရေးသားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမည်ပြောင်း

ဦးသိုက်ထွန်း၏သမီး အထက (၄)၊ လှိုင်သာယာ ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မချောကလျာထွန်းအား မအိမ့်မြင့်မိုရ်စံဟု ပြောင်းလဲခေါ်ပါရန်။

မအိမ့်မြင့်မိုရ်စံ

အမည်ပြောင်း

အထက၊ ကွမ်းချောင်း၊ နဝမတန်း (A)မှ ဦးရွှေမြ ၁၁/ကဖန(နိုင်)၀၅၃၀၂၆၏ သမီး မချိုလင်းချေအား မခင်ပွင့်ဖြူဟု အမည်ပြောင်းလဲခေါ်ပါရန်။

မသက်ဆိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကမ်းပနီကျေးရွာနေ ကျွန်မ ဒေါ်အောင်မြင့်၏ ခင်ပွန်း ဦးဟန်စိန် ၆/လလန(နိုင်)၀၁၆၈၃၉သည် ကျွန်မအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိသားစုဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ကာ ၁၁-၅-၂၀၁၄ ရက်တွင် ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်အောင်မြင့် ၆/လလန(နိုင်)၀၀၃၁၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး လက်အောက်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသစီမံကိန်းဦးစီးရုံးသစ်(၄)ရုံး၊ မြို့နယ်စီမံကိန်းဦးစီးရုံးသစ်(၁၁)ရုံး၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက် တွဲဘက်ပြည်နယ်ရုံး(၁)ရုံး၊ ခရိုင်စီမံကိန်းဦးစီး ရုံး(၂)ရုံး၊ မြို့နယ်စီမံကိန်းဦးစီးရုံး(၁)ရုံးတို့ ဆောက်လုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံသား ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၀-၆-၂၀၁၄ ရက် (၁၆း၀၀)နာရီ
တင်ဒါဖွင့်ရက် - ၂၇-၆-၂၀၁၄ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ဖုန်း-၀၈၁-၂၁၂၅၅၆၂၊ ၂၁၂၄၂၆၁၊ ၂၁၂၄၄၁၈ — ပြည်နယ်စီမံကိန်းဦးစီးမှူးရုံး
ဖုန်း-၀၉-၅၂၁၄၃၃၃ — ။
ဖုန်း-၀၈၁-၂၁၂၅၄၇၃ — ။
Fax:-၂၁၂၁၁၅၂

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး
တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါသည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၃၁၆၊ အကျယ်အဝန်း (အလျားပေ၄၀×အနံပေ၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၆၂၃ ဟုခေါ်တွင်သည့် မြေကွက်အား မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဒေါ်အုံးကြည် NBN-၁၉၉၂၆၆ ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၆၂၅/၁၉၉၈ အရလည်းကောင်း၊

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၃၁၇၊ အကျယ်အဝန်း (အလျားပေ၄၀×အနံပေ၆၀)ရှိ ဦးဝင်းကြည် ISN-၅၂၁၈၁၂ အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၆၂၁ ဟုခေါ်တွင်သည့် အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ ၂၇-၉-၁၉၉၅ ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်ကတိစာချုပ်အရ လည်းကောင်း၊

တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်သူ ဒေါ်ရီရီမြ(ခ)ဒေါ်ရည်ရည်မြ ၇/သဝတ(နိုင်)၀၀၁၇၆၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ် တန်ဖိုးငွေ၏စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ**သည်။**

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလဲ့ဝင်း LL.B, D.B.L **အထက်တန်းရှေ့နေ**
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အကွက်အမှတ် (၆၂)၊ အကွက်အမည် ညောင်ပင်သာ၊ မြေကွက်အမှတ် (၄)၊ ဧရိယာ ၀ဒသမ၁၀၉ ဧကရှိ ဦးတင်ထွန်းအောင် ၁၃/တကန(နိုင်)၀၁၀၂၀၁ အမည်ပေါက် မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးတင်ထွန်းအောင်
ဖုန်း-၀၉-၅၀၄၉၅၈၁

စီးရီးအေတစ်နှစ်တာအကောင်းဆုံးဘောလုံးအသင်း

မိုးမြင့်လင်းလက်

၂၀၁၃-၂၀၁၄ ဘောလုံးရာသီကတော့ ကုန်လွန်ကာချခဲ့ပြီဖြစ်ပါတယ်။ အီတလီစီးရီးအေရဲ့ ပြီးခဲ့တဲ့ တစ်နှစ်တာ အကောင်းဆုံးဘောလုံးအသင်းကို ရွေးချယ်လိုက်တဲ့အခါ ဂျူဗင်တပ်စ်အသင်းက ဘောလုံးသမား ငါးဦးပါဝင်လာပါတယ်။ စီးရီးအေရဲ့ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမား ၁၁ ဦးကို မီဒီယာသမားတွေ၊ ဘောလုံးနည်းပြတွေက စုပေါင်းရွေးချယ်လိုက်တဲ့အခါ အဲဒီအသင်းရဲ့ နည်းပြအဖြစ် ရိုးမားအသင်းရဲ့ နည်းပြဂါစီယာကို ရွေးချယ်ခဲ့ကြပါတယ်။

ရုဒိဂါစီယာကို ပြီးခဲ့တဲ့ စီးရီးအေရာသီမှာ အကောင်းဆုံးနည်းပြအဖြစ် အရွေးခံခဲ့ရတာဟာ နည်းပြကောင်းတစ်ဦးမှာရှိတဲ့ အရည်အချင်းကောင်းတွေကြောင့် ဖြစ်ပါတယ်။ စီးရီးအေချန်ပီယံအဖြစ် အကောင်းဆုံးစိန်ခေါ်နိုင်သူဖြစ်ပြီး ပြီးခဲ့တဲ့စီးရီးအေ ၃၈ ပွဲမှာ ၂၆ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်တွေရအောင်စွမ်းဆောင်နိုင်သူဖြစ်ပါတယ်။ သွင်းဂိုးပေါင်း ၇၂ ဂိုး၊ ပေးဂိုး ၂၅ ဂိုးနဲ့ စုစုပေါင်း ၈၅ မှတ်ရပြီး စီးရီးအေရာသီကုန်မှာ ဒုတိယနေရာမှာ ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်သူဖြစ်ပါတယ်။

အကောင်းဆုံးတိုက်စစ်မှူးနှစ်ဦးကတော့ ဂျူဗင်တပ်စ်က တီဗက်ဇ်နဲ့ တိုရီနိုအသင်းမှ အင်မိုဘိုင်းတို့ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စီးရီးအေမှာ တိုက်စစ်မှူး အင်မိုဘိုင်းက စုစုပေါင်း ၂၂ ဂိုးသွင်းယူပြီး ဂိုးသွင်းဘုရင်ဆုရရှိခဲ့သူ ဖြစ်ပါတယ်။ ဂျူဗင်တပ်စ်မှတိုက်စစ်မှူး တီဗက်ဇ်ကတော့ ပြီးခဲ့တဲ့ စီးရီးအေမှာ ၃၄ ပွဲကစားခဲ့ပြီး ၁၉ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။

ဖီအိုရင်တီးနားအသင်းက ကွာဒရာဒိုကတော့ အကောင်းဆုံး ဘယ်တောင်ပံကစားသမားအဖြစ် ရွေးချယ်ခံရပြီး ပြီးခဲ့တဲ့စီးရီးအေပွဲစဉ်တွေမှာ ၁၃ ဂိုးသွင်းယူခဲ့သူဖြစ်ပါတယ်။ အကောင်းဆုံး ညာတောင်ပံကစားသမားကတော့ နာပိုလီအသင်းမှ ကယ်လီဂွန်ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်မှန်ကန်ပြီး တိုက်စစ်ကိုစတင်နိုင်သူဖြစ်ကာ ဂိုးပေါင်း ၁၅ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။

အကောင်းဆုံးကွင်းလယ်ကစားသမားနှစ်ဦးကတော့ ဂျူဗင်တပ်စ်မှ ပီယာလိုနဲ့ ရိုးမားအသင်းမှ ဒီရော့စီတို့ပဲဖြစ်ပါတယ်။ အသက်အရွယ်ရလာပေမယ့် ပီယာလိုဟာ တိုက်စစ်ကို ပုံဖော်နိုင်သူဖြစ်ပြီးအလွတ်တည်ကန်ဘောတွေ မှန်ကန်တိကျနေဆဲပါပဲ။ ဒီရော့စီကတော့ ကွင်းလယ်ကိုကောင်းကောင်း ထိန်းချုပ်နိုင်သူဖြစ်ပြီး ပြိုင်ဘက်အသင်းရဲ့ တိုက်စစ်ကို ကြားဖြတ်ဟန့်တားနိုင်သူပါပဲ။ ဒါ့အပြင် ဂျူဗင်တပ်စ်က ဗီဒဲလ်ကလည်းအကောင်းဆုံးကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ရွေးချယ်ခံရသူဖြစ်ပါတယ်။

ဗဟိုခံစစ်မှူးတွေအဖြစ် ပါးမားမှ လူကာရယ်လီ၊ ရိုးမားမှ ဘီနာတီယာ၊ ဂျူဗင်တပ်စ်မှ ချီရယ်လီနီတို့ကို အကောင်းဆုံး ဗဟိုခံစစ်မှူးတွေအဖြစ် ရွေးချယ်ခံရပါတယ်။ လူကာရယ်လီဟာ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်ပေမယ့် ပြိုင်ဘက်တိုက်စစ်မှူးတွေကို အကောင်းဆုံးထိန်းချုပ်နိုင်သူဖြစ်ပါတယ်။ ဘီနာတီယာကတော့ တိုက်စစ်အထိ လိုက်ပါနိုင်သူဖြစ်ပြီး ငါးဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ခံစစ်မှူး ဖြစ်ပါတယ်။ ချီရယ်လီနီကတော့ ဂျူဗင်တပ်စ်အတွက် လေးဂိုး သွင်းယူပေးနိုင်တဲ့ အကောင်းဆုံး ခံစစ်မှူး တစ်ဦးပါပဲ။ ။

နိုင်ငံတကာ ခြေစမ်းပွဲနှင့် ဖလားပွဲစဉ်များ (သီဟ)

နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ

ယူကရိန်း	-	နိုင်ဂျာ	နံနက် ၀၀:၃၀
ဟန်ဂေရီ	-	ဒိန်းမတ်	နံနက် ၀၀:၄၅

U 21 ခြေစမ်းပွဲစဉ်များ

ဒိန်းမတ်U 21	-	ဆွစ်ဇာလန်U 21	ည ၁၀:၃၀

AFC ဖလား အုပ်စု(ခ) ပွဲစဉ်များ

လာအို	-	ဖိလစ်ပိုင်	ညနေ ၅:၃၀
အာဖဂန်နစ္စတန်	-	တာ့ခ်မင်နစ္စတန်	ည ၁၀:၃၀

Toulon Tournament အုပ်စု ပွဲစဉ်များ

ဘရာဇီးU 20	-	တောင်ကိုရီးယားU 20	ည ၉:၄၅
အင်္ဂလန်U 20	-	ကာတာU 20	ည ၁၂:၀၀

Toulon Tournament အုပ်စု(က)	Toulon Tournament အုပ်စု(ခ)
၁။ ချီလီU 20	၁။ ဘရာဇီးU 20
၂။ တရုတ်U 20	၂။ ကိုလံဘီယာU 20
၃။ ပြင်သစ်U 20	၃။ အင်္ဂလန်U 20
၄။ မက္ကဆီကိုU 20	၄။ ကာတာU 20
၅။ ပေါ်တူဂီU 20	၅။ တောင်ကိုရီးယားU 20

စီရော်နယ်ဒိုနှင့် ဂါရက်ဘေးလ် ချန်ပီယံလိဂ်အတွက်အသင့်ဖြစ်

စီရော်နယ်ဒိုနှင့် ဂါရက်ဘေးလ်တို့သည် စနေနေ့ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် အက်သလက်တီကိုအသင်းနှင့် ကစားရန်အသင့်ဖြစ်နေကြပြီဟု ဆိုသည်။ အသက် ၂၉ နှစ်ရှိ စီရော်နယ်ဒိုသည် ပြီးခဲ့သော နှစ်ပွဲတွင်လည်း လွဲချော်ခဲ့သည်။ အသက် ၂၄ နှစ်ရှိ ဂါရတ်ဘေးလ်မှာလည်း လေ့ကျင့်မှုပျက်ကွက်ခဲ့သည်။ ယင်းတို့နှစ်ဦးပါဝင်မှုဖြင့် ဥရောပဖလားဆွတ်ခူးရန် အသင့်ပြင်ထားကြောင်း နည်းပြအန်ဆယ်လော့တီက ဆိုသည်။ ရီးရဲမက်ဒရစ်အနေဖြင့် ယင်းဖလားကိုဆွတ်ခူးခဲ့ပါက နည်းပြအန်ဆယ်လော့တီအတွက် တတိယမြောက် ဥရောပချန်ပီယံလိဂ်ဖလားဖြစ်လာမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဘာစီလိုနာ နောက်တန်းကစားသမား ဂျရတ်ပီကေးကို ၄င်းကလပ်က လေးနှစ်စာချုပ်ဖြင့်ထပ်မံစာချုပ်လိုက်သည်။ အသက် ၂၇ နှစ်ရှိ ပီကေးသည် ယင်းစာချုပ်ကိုသဘောတူလိုက်သဖြင့် ၂၀၁၉ ခုနှစ်တိုင်အောင် နူးကမ့်တွင် ဆက်လက်ကစားရတော့မည်ဖြစ်သည်။ ပီကေးသည် ၂၀၀၄ နှင့် ၂၀၀၈ ခုနှစ်အကြား မန်ယူတွင် ကစားခဲ့သည်။ ၄င်းသည် လက်ရှိစာချုပ်မှာ ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ပီကေးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၆၆ ပွဲပါဝင်ကစားခဲ့ပြီး စပိန်ဖလားလေးလုံးနှင့် ချန်ပီယံလိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးခဲ့သည်။ ပူယိုးလ်ထွက်ခဲ့ပြီးနောက် ပီကေးသည် ဗဟိုခံစစ်မှူး ဖြစ်လာသည်။

(၂၈)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

ဖေဖေဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် မေမေဒေါ်မြတ်မြတ်မိုးတို့၏ ၂၂-၅-၂၀၁၄ရက်တွင် ကျရောက်သော(၂၈)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောကီလောကုတ်နှစ်ဖြာအကျိုး၊ ဆတက်တိုးကြိုးစားဆောင်ရွက်နိုင်ပြီး သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီး - ကိုသူရိန်-မအေးစန္ဒာကျော်
သား - ကိုသူရ-မအေးမိုးဖြူ
ချစ်မြေးလေး - မထက်အိန္ဒြေရှင်(ဟေဇယ်)

အမည်ပြောင်း

ဦးဝင်းမြင့်ဦး၏သားနှင့် သမီးဖြစ်သော အထက (၃)ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ သတ္တမတန်း(C)မှ မောင်ဖြိုးဟိန်းခန့်အား မောင်ဖြိုးဟိန်းအောင်ဟု လည်းကောင်း၊ အမက(၁၆)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဒုတိယတန်း(D)မှ မငွေယွန်းသန့်အား မခင်မြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဖြိုးဟိန်းအောင်၊
မခင်မြတ်သူ

ပျောက်ဆုံးကြောင်း

ကိုမြတ်ထူးထက် ၁၂/ဒဂမ(နိုင်)၀၂၄၃၄၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် MA-၄၈၄၉၄၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၂၇၇၉၅

အလိမ္မာ စာမှာရှိ

လယ်မြေ၊ ယာမြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် သစ်တောမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုခြင်း၊လူနေအိမ်ရာများဖော်ထုတ်ခြင်းမပြုရန် အသိပေးကြေညာခြင်း

၁။ ရှမ်းပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်၊ ကျေးရွာများရှိ လယ်မြေ၊ ယာမြေ များ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် သစ်တောမြေများပေါ်တွင် ခွင့်ပြုမိန့်တစ်စုံတစ်ရာမရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် အခြားနည်းအသုံးပြုခြင်း၊ လူနေအိမ်ကွက်များဖော်ထုတ်ခြင်းမပြုရန် တားမြစ်လိုက်သည်။

၂။ တားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေနှင့် ၁၉၉၂ ခုနှစ် သစ်တောဥပဒေ၊ ၁၉၉၅ ခုနှစ် သစ်တောနည်းဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ အမှတ် ၃၄၆ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(၁၀½×၅၀)ရှိ မြေညီထပ်(လက်ဝဲခန်း)တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် ဦးရွှေဝါ CJ-၀၃၆၉၃၉ ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ချုပ်ဆိုသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၁၅/၂၀၁၄ရရှိသူ ဦးလှဦး(ဘ-ဦးခင်ဝင်း) ၁၂/ကမရ(နိုင်)၀၄၃၅၇၉ က ပိုင်ရှင်၏ကိုယ်စား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မွန်မွန်ချို LL.B (အထက်တန်းရှေ့နေ)
အမှတ် ၃၃၁၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၁၄၄၈၅၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၈၆၆၆၊ Toyota Hilux YN 56 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြဝင်း ၁၂/ကကန(နိုင်)၀၉၃၇၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဆ/၁၇၀၀ (2G/1700) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

လယ်ယာသားငါးသစ်တောကဏ္ဍဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယမန်နေ့ကအဆက်)

မွန်ပြည်နယ်

မွန်ပြည်နယ် သံဖြူဇရပ်(စက်စဲ)မှ ရော်ဘာလုပ်ငန်းအား ၁၀ ဧက အောက် လယ်ယာမြေများကို ထောက်ပံ့ပေးရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဖြေကြားချက်

- ချေးငွေများ ထုတ်ချေးပေးတိုင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၏ ငွေကြေးလုံလောက်သည့်ပတ်သုံးစွဲနိုင်သည့် ငွေပမာဏမှာ လွန်စွာနည်းပါးသဖြင့် နှစ်စဉ်ဆိုသလို မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေရယူပြီးမှသာ တောင်သူများကို ချေးငွေထုတ်ချေးပေးနိုင်ခြင်းဖြစ်ပါကြောင်း၊ ရော်ဘာသီးနှံကဲ့သို့သော နှစ်ရှည်သီးနှံမှာ ၁၀ ဧကအောက် ဆိုသော်လည်း ကာလရှည် နှစ်ရှည်သီးနှံအမျိုးအစားဖြစ်သဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်မှလည်း နှစ်ရှည်ချေးငွေဖြစ်၍ မိမိဘဏ်အား ကာလရှည်ထုတ်ချေးပေးနိုင်မည် မဟုတ်သကဲ့သို့ မိမိဘဏ်ပိုင်ငွေကြေး အင်အားမှာလည်း အလွန်နည်းပါးသဖြင့် လောလောဆယ် အခြေအနေတွင် ရော်ဘာလုပ်ငန်းအတွက် ချေးငွေ ထောက်ပံ့ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပြီးဖြစ်ပါသည်။

ပြောင်းလဲတိုးတက်မှုအခြေအနေ

လယ်ယာကဏ္ဍ

မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ချက်များ

- စိုက်ပျိုးရေးဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်များသို့ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဖြူးရာတွင် မျိုးစေ့ဌာနခွဲလက်အောက်ရှိ မျိုးစေ့ခြံပေါင်း ၄၃ ခြံမှ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးရာသီအတွင်း မျိုးသန့်မျိုးပွားမျိုးစေ့အဖြစ် စပါး (OPU မျိုး) ၁၀၀၇၂၂ တင်း (၁၀၀၇၂၂ ဧကစာ)၊ စပါး (Hybrid မျိုး) တင်း ၁၅၀၀ (၄၂၈၅ ဧကစာ)၊ အစေ့ထုတ်ပြောင်း တင်း ၁၁၇၀ (၄၆၈၀ ဧကစာ)၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာအတွက် ၁၅၂၄ တင်း (၈၄၄၈ ဧကစာ)၊ ပဲမျိုးစုံဖြစ်သည့် ပဲစင်းငုံ၊ ပဲတီစိမ်း ၃၀၃၄တင်း (၁၁၅၃၈ ဧကစာ) ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။ စီးပွားဖြစ် မျိုးသန့် မျိုးစေ့ကိုမျိုးသန့်စံပြရွာများတည်ထောင်၍ ၁၃၅၈၃၆၂တင်း၊ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်း၍ ၅၄၁၆၉၂၂တင်း၊ မျိုးစေ့ကုမ္ပဏီများနှင့် ပူးပေါင်း၍ ၃၉၁၂၀၃ တင်း၊ စုစုပေါင်း ၇၁၆၆၄၈၇ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ စိုက်ပျိုးပညာပေးရေးဌာနခွဲမှ မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါး ၅၅၂ ဧကမှ မျိုးစေ့ ၄၂၉၆၉၄ ကီလို ထုတ်လုပ်နိုင်၍ ၆၁၈၃၈၄ ဧက ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

လယ်ယာမြေ လုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဆောင်ရွက်ချက်များ

- အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေပြည်တော်ကောင်စီအပါအဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းကို ၁-၁-၂၀၁၃ ရက်နေ့မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။
- ယင်းသို့ဆောင်ရွက်ရာတွင် နယ်မြေဒေသအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများအပေါ်မူတည်၍ ပထမဦးစားပေးအစီအစဉ်နှင့် ဒုတိယဦးစားပေးအစီအစဉ်များသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။
- တောင်သူများ လက်ရှိလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများအား လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၃၁-၃-၂၀၁၄ ရက်နေ့အထိ ပထမဦးစားပေးအစီအစဉ်အရ ၉၉ ဒသမ ၂၇ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယဦးစားပေးအစီအစဉ်အရ ၅ ဒသမ ၈၄ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ တောင်သူလယ်သမားများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါသည်။ နောက်ဆက်တွဲ(က) ဖြင့် ပူးတွဲဖော်ပြပါသည်။

သစ်တောကဏ္ဍ

တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းထူထောင်ခြင်းနှင့် ပတ်သက်၍ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ချက်များ

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ခုနှစ်အထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ၂၂၆၇၆၅၅ ဧကတည်ထောင်ရန် ရည်မှန်းထားရှိပါသည်။
- ၁၉၉၅ ခုနှစ်မှစ၍ ၂၀၁၄ခုနှစ် မတ်လအထိ နိုင်ငံတစ်ဝန်း၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စုစုပေါင်းဧရိယာ ၁၁၈၆၈၀ ဒသမ ၅၃ ဧက၊ အသုံးပြုသူများ အဖွဲ့ပေါင်း ၇၄၅ရွာနှင့် အဖွဲ့ဝင်ပေါင်း ၃၀၄၈၄ ဦးရှိပါသည်။ အများဆုံးတည်ထောင်နိုင်သည့် ဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး အနည်းဆုံးမှာ မွန်ပြည်နယ် ဖြစ်ပါသည်။တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ပြီးစီးမှုအခြေအနေမှာ ၁၁၈၆၈၀ ဒသမ ၅၃ ဧကဖြစ်ပါသည်။

ကျေးလက်ကဏ္ဍ

- ကျေးလက်ကဏ္ဍနှင့် အသားကဏ္ဍတွင် တိရစ္ဆာန်ဖြန့်ဖြူးပေးမှုအနေဖြင့် နွား ၆၉ ကောင်၊ ဝက်အကောင် ၂၀၈၀၊ ဘဲအကောင် ၁၅၀၀နှင့် ကြက် ၃၉၉ ကောင် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မျိုးဝက် အကောင် ၁၁၄၈၀ကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဆက်လက်ဖြန့်ဖြူးပေးသွားပါမည်။

ကွမ်းလုံ၌မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ကွမ်းလုံ မေ ၂၁

နယ်စပ်ဒေသတွင် သာသနာတော်ထွန်းကားပြန့်ပွားရန် ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ရန် ဘေးအန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့သာသနာ့အလင်းရောင် (တံတားဦး) ကျောင်းတိုက်၌ သတ္တမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဩဝါဒပရိသတ်များက သာသနာ့အလင်းရောင်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တကုသလိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်တို့က ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။ ဆက်လက်၍ ဟိုလီကျေးရွာရတနာဒီပသာသနာပြုကျောင်းဆရာတော်ဘဒ္ဒန္တပညာသာရထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။ ယင်းနောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။ သတ္တမအကြိမ် မြောက်မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကို မေ ၁၃ ရက်မှ ၁၉ ရက်အထိ ရွတ်ဖတ်ပူဇော်ခဲ့ပြီး ပဋ္ဌာန်းသိမ်း အောင်ပွဲအဖြစ် ရဟန်းသာမဏေ အပါး ၅၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

စွန့်လွှတ်သည့်မြေများကို သက်ဆိုင်သူများထံ ယာယီလွှဲပြောင်း

ပွင့်ဖြူ မေ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ပြန်လည်စွန့်လွှတ်သည့် မြေယာများကို သက်ဆိုင်သူမူလပိုင်ရှင်များထံသို့ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီမှ သက်ဆိုင်သူများအား ယာယီလုပ်ပိုင်ခွင့်လက်မှတ်များကို မေ ၁၆ ရက်၊ ၁၇ ရက်က ဦးပိုင်ပေါင်း ၁၂၁၊ တောင်သူပေါင်း ၉၉ ဦး ဧရိယာ ၄၁၁ ဒသမ ၆၃ ဧကကို သက်ဆိုင်သူ မူလတောင်သူများ လက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့် (ပုံစံ-၃) ဖြင့် ယနေ့အထိ လျှောက်ထားသူအားလုံး ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပိုင်သူရချို၏ ပြောကြားချက်အရ သိရသည်။

အောင်သူရ(ပွင့်ဖြူ)

အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်တက္ကသိုလ်(ပင်မ) ၂၀၀၁-၂၀၀၂ခုနှစ် ဥပဒေဘွဲ့ရကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ရန် - သန်းစိုးအောင် ဖုန်း-၄၃၁၁၅၃၀၅
- အေးနိုင် ဖုန်း-၅၁၄၈၁၆၄
- စည်သူကျော် ဖုန်း-၅၁၃၉၄၂၃
- ဌေးဌေး ဖုန်း-၄၅၀၀၅၀၇၉၈

အချိန် - ညနေ ၅း၀၀ မှ ၁၀း၀၀ အထိ
နေ့ရက် - ၁-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
နေရာ - M3 Food Center
အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းအားကစားဝင်းအတွင်း

အမည်ပြောင်း

ဦးကျော်ဦး၏သမီး ရန်ကုန်မြို့၊ ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(F)မှ မနဝရတ်ကျော်ဦးအား မနဝရတ်(ခ)နန်းခမ်းဟိန်း ၁၃/ကတန(ပြု)၀၀၀၀၉၅ ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မနဝရတ်(ခ)နန်းခမ်းဟိန်း

မိခင်အမည်မှန်

တာချီလိတ်မြို့၊ အထက စတုတ္ထတန်း(A)မှ မနှင်းဝေလင်း၏ မိခင်အမည်မှန်မှာ ဒေါ်စောယုချမ်း ၁၂/လမတ(နိုင်)၀၂၆၈၄၄ ဖြစ်ပါကြောင်း။

ဒေါ်စောယုချမ်း

အမည်ပြောင်း

ဦးသိုက်စိုး၏သား မြိတ်မြို့၊ အထက(၆) နဝမတန်းမှ မောင်ရင်ဂိုစိုးအား မောင်ရဲလင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲလင်းအောင်

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၂)၊ ဆဋ္ဌမတန်း(ဂ)အောင်မှ ခွန်အောင်ကျော်ခမ်းအား ယနေ့မှစ၍ ခွန်သန်းဝေဟု ပြောင်းလဲခေါ်ပါရန်။

ခွန်သန်းဝေ

အမည်မှန်

လားရှိုးမြို့၊ အလက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မငုဝါဆန်းနှင့် အဋ္ဌမတန်းမှ မသန်းသန်းအေးတို့၏ ဖခင်အမည်မှန်မှာ ဦးဟုန်ကွေပန်း ၁၃/လရန(နိုင်)၀၈၄၆၇၁ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြောက်ဒဂုံ၊ အလက(၁) သတ္တမတန်းမှ မခိုင်စန္ဒာလင်းနှင့် မြောက်ဒဂုံ အမက(၁၈) စတုတ္ထတန်းမှ မောင်အောင်လင်းစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်း ၈/ပခက(နိုင်)၁၇၁၂၀၉ ဖြစ်ပါကြောင်း။**ဦးအောင်မင်း**

မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၇)၊ စွန်းလွန်းလမ်းနေ ဦးထွန်းသိန်း-ဒေါ်မာလာတို့၏သား မောင်စိုင်းမင်းပြည့်စုံ၏ မွေးသက္ကရာဇ်မှာ ၁၂-၅-၁၉၉၅ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးနေထွန်းအောင်၏သမီး ပဲခူးမြို့၊ အထက(၁) တတိယတန်း(ခ)မှ မအိကဗျာဖူးအား ယနေ့မှစ၍ မအေးကျော့မွန်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးကျော့မွန်

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၆၄

ကွယ်လွန်သူ အာမတ်အောဟိုလတ်၏ ကျန်ရစ်သောပစ္စည်းများအကြောင်း။

ဒေါ်စိန်စိန်ရီ **လျှောက်ထားသူ**

အမှတ် ၆၉/အီး၊ ပြည်လမ်း၊ (၁၁)ရပ်ကွက်၊

လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်စိန်စိန်ရီက ကွယ်လွန်သူ အာမတ်အောဟိုလတ်၏ မိခင်ဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ အာမတ်အောဟိုလတ်၏ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ အာမတ်အောဟိုလတ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇွန် ၉ရက် (၁၃၇၆ခုနှစ် နယုန်လဆန်း ၁၂ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်စိန်စိန်ရီ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် မေ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်သစ်ဆွေ)

ဒုတိယခရိုင်တရားသူကြီး(၈)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဖခင်အမည်မှန်

လားရှိုးမြို့မှ အထက(၂) တက္ကသိုလ်ဝင်တန်းမှ စိုင်းလွင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအားရုံ(ခ)ဦးရန်ချန်ယုံ ဖြစ်ပါသည်။

အမည်ပြောင်း

အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၃) နေပြည်တော်တွင် ဆဋ္ဌမတန်းပညာအောင်မြင်ခဲ့သော ဦးသန်းဌေး ၇/တငန(နိုင်)၀၅၈၆၁၄၏သမီး မလင်းငုံဖူး၏ အမည်အား မလင်းမြတ်မြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မလင်းမြတ်မြတ်အောင်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ် ၅၀၊ သုံးလွှာ၊ အကျယ်အဝန်းပေ(၃၀×၆၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို လက်ဝယ်ထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခွန်တောင် ၁၂/မကန(နိုင်)၀၇၉၀၅၂ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ၁၉-၅-၂၀၁၄ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် ရောင်းဝယ်ခြင်းအတွက် စရန်ငွေပေး ကတိစာချုပ်ဖြင့် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်ဇာလွင် (LL.B) အထက်တန်းရှေ့နေ

LIVING MYANMAR Real Estate Services အတိုင်ပင်ခံရှေ့နေ

အမှတ်(၇၁၀)၊ ၂၅ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ဖုန်း-၀၉-၄၂၁၀၈၂၄၇၄၊ ၀၁-၅၇၁၁၅၄

ဒြပ်မဲ့ယဉ်ကျေးမှု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ပထမအကြိမ် စွမ်းဆောင်ရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မန္တလေး မေ ၂၁

ရုပ်ဝတ္ထုထက်ပိုလွန်သော ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုရေးနှင့် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် ဒြပ်မဲ့ယဉ်ကျေးမှု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ပထမအကြိမ် စွမ်းဆောင်ရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉နာရီက မန္တလေးမြို့ ၇၈လမ်းရှိ ဟိုတယ်မန္တလေး စံပယ်ဖြူခန်းမ၌ကျင်းပရာ မန္တလေးယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ မြန်မာ့သမိုင်း ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ သမိုင်းပညာရှင်(အကြံပေး) ဦးစိုင်းအောင်ထွန်း၊ ပြတိုက်အကြံပေးဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါ်နုမြ၏၊ ဗန်ကောက်မြို့ ယူနက်စကိုအဖွဲ့ ယဉ်ကျေးမှုဌာနအကြီးအကဲ Dr. Tim Curtism နှင့်တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အနုပညာဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြတိုက်တာဝန်ခံများ၊ ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရှေးဦးစွာ မန္တလေးယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုကာကွယ်ထိန်းသိမ်းရေးအတွက် နိုင်ငံတကာမှ ဘဏ္ဍာရေး အကူအညီရရှိအောင် ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များကို အထွေထွေ ညီလာခံ၌ သဘောတူ လက်မှတ်ရေးထိုးအပြီးတွင် အခြေခံလုပ်ငန်းများချမှတ်ပြီး ယူနက်စကိုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းသွင်းနိုင်ရန်အတွက် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း ဆောင်ရွက်နိုင်ရေးအတွက် မိသားစုအတွင်း၊ လူထုအတွင်း ပညာပေးခြင်း၊ ပြတိုက်များတွင်ပြသပညာပေးခြင်းစသည့် နည်းလမ်းများစွာကို အသုံးပြုဆောင်ရွက်ရေးအပြင် ကာကွယ်ထိန်းသိမ်းတတ်စေရန်အတွက်လည်း ပညာပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မျိုးဆက်သစ် လူငယ်များအတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ပညာပေးသင်တန်းများပို့ချသင့်ကြောင်း၊ အနာဂတ်တွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ဆက်လက်ရှင်သန်နိုင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဗန်ကောက်မြို့ ယူနက်စကိုအဖွဲ့ ယဉ်ကျေးမှုဌာနအကြီးအကဲ Dr.Tim Curtism က မြန်မာနိုင်ငံ၌ ရုပ်ဝတ္ထု ထက်ပိုလွန်သော ယဉ်ကျေးမှုအမွေအနှစ်များ လွန်စွာကြွယ်ဝကြောင်း၊ ရုပ်ဝတ္ထုထက်ပိုလွန်သော ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံအား ယူနက်စကိုမှ ဆက်လက်ပံ့ပိုးမှုပေးနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ ရုပ်ဝတ္ထုထက်ကျော်လွန်သည့် ယဉ်ကျေးမှုဟူသော အယူအဆမှာ ဆန်းသစ်သော အယူအဆဖြစ်ခြင်းကြောင့် ယင်းတို့ကို ထိရောက်စွာ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး လိုအပ်မည့် ဥပဒေပြုရေးနှင့် အဖွဲ့အစည်းစနစ်ပိုင်း အစီအမံများကို ဖွဲ့စည်းတည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရအဖွဲ့အစည်းဌာနများကို အဓိကကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်သူများက သက်ဆိုင်ရာ အစိုးရဌာနများမှ မူဝါဒချမှတ်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများသို့ ယခုတိုင်ကျင့်သုံးနေသည့် ဒေသများသို့ သွားရောက်လေ့လာခြင်း၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို စီစဉ်ပြုလုပ်ခြင်းတို့ကို အဖွဲ့လိုက်ပါဝင်ကာ မေ ၁၉ ရက်မှ ၂၄ ရက်အထိ ခြောက်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ကျေးလက်ပြည်သူများအား ဆေးကုသ

ညောင်ဦး မေ ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စုတွင် ဗိုလ်မှူးကြီး မျိုးသန့် ဦးဆောင်သောတပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ၇၇ ဦးတို့သည် ရွှေလျားဓာတ်မှန် ယာဉ်တစ်စီး၊ ရွှေလျားခွဲစိတ်ခန်းယာဉ်တစ်စီးတို့နှင့်အတူ အဆိုပါကျေးရွာ အုပ်စု၊ ကောင်းပင်စည်ကျေးရွာ မင်းကျောင်း ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပင်မအခြေပြုကာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျေးရွာ နေပြည်သူများအား ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာသို့ မေ ၁၉ ရက်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း လာရောက်၍ ကုသပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)** ထိုသို့ ဆောင်ရွက်ရာတွင် ဆေးကုသရေးအဖွဲ့နှစ်ဖွဲ့ခွဲ၍ မေ ၁၈ ရက်က ချောက်ကန်ကျေးရွာနှင့် ခွေးပြုတ်ကျေးရွာများသို့ ဆေးကုသခြင်း လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး မေ ၁၉ရက်က ထီးပုကျေးရွာနှင့် သဲပြင်တောကျေးရွာများတွင် နယ်လှည့် ကုသ ပေးခဲ့သည်။ မေ၂၀ရက်တွင် တက်မကျေးရွာနှင့် ဒေါင်းလည်ကျေးရွာများတွင် ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးကုသရေး အဖွဲ့နှစ်ဖွဲ့မှ ဆေးကုသမှုအပြင် ခွဲစိတ်ရန်လိုအပ်သောလူနာများကို တောင်ဇင်း ကျေးရွာအုပ်စု၊ ကောင်းပင်စည်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပင်မအခြေပြုသော ဗိုလ်မှူးကြီး မျိုးသန့်နှင့် အဖွဲ့ထံသို့ ပို့ဆောင်၍ ဆက်လက်ခွဲစိတ်ကုသရန် ဆောင်ရွက်ပေးလျက်ရှိသည်။ မေ ၁၈ ရက်တွင် လူနာဦးရေ ၁၇၂၅ဦးအား ဆေး ကုသမှုပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၂၂ ဦး၊ အထွေထွေခွဲစိတ်လူနာ ၁၁ ဦး၊ ခွဲစိတ်လူနာပေါင်း ၃၃ ဦးတို့အား ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ မေ ၁၉ ရက်က လူနာဦးရေ ၁၃၈၅ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ကိုးဦး၊ အထွေထွေခွဲစိတ်လူနာလေးဦး၊ ခွဲစိတ်လူနာပေါင်း ၁၃ ဦးတို့အား ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ထို့ပြင် ထပ်မံကုသရန်လိုအပ်သော လူနာများကို အဆိုပါအဖွဲ့မှ ဦးဆောင်၍ အမှတ်(၁)တပ်မတော်ဆေးရုံ (မိတ္ထီလာ) ခုတင် ၅၀၀ ဆံ့သို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်းသိရသည်။

ရဲသူရအောင် (ညောင်ဦး)

ဘောလုံးဒိုင်လူကြီး သင်တန်းဖွင့်မည်

မန္တလေး မေ ၂၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုဖြင့် မျိုးဆက်သစ် လူငယ်ဘောလုံးဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁/၂၀၁၄) ကို မေလနောက်ဆုံးပတ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မျိုးဆက်သစ်လူငယ်ဘောလုံးဒိုင်လူကြီးသင်တန်းသို့ တက်ရောက်လိုသူများသည် အသက် ၂၅ နှစ်ထက်မကြီးရ၊ အသက် ၁၈ နှစ်ထက်မငယ်ရ၊ ဘောလုံးအားကစားဝါသနာပါသူနှင့် ဘောလုံးဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်နိုင်သူများ လျှောက်ထားနိုင်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများသည် မန္တလေးမြို့ ဗထူးကွင်းထောင့်ရှိ မန္တလေးတိုင်း ဘောလုံးအဖွဲ့ချုပ်ရုံးသို့ မေ ၂၀ ရက် နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း၊ အဆိုပါ မျိုးဆက်သစ် လူငယ်ဘောလုံးဒိုင်လူကြီး သင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု ဒိုင်လူကြီးများဖြင့် သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

(၀၄၀)

မိုးကောင်းမြို့သာသနာ့ဗိမာန်တော် တည်ဆောက်ရေးပါဝင်လှူဒါန်းနိုင်

မိုးကောင်း မေ ၂၁

ကချင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏနှင့် မိုးကောင်းမြို့ပေါ်ရှိ ဆရာတော်များ၏ ဩဝါဒကိုခံယူကာ သာသနာတော်ကြီးအဓွန့်ရှည်တည်တံ့စေရန်နှင့် အမျိုးဘာသာသာသနာ အကျိုးလွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် မိုးကောင်းမြို့သာသနာ့ဗိမာန်တော်ကြီးကို ၂၀၀၉ ခုနှစ်မှစတင်တည်ဆောက်လျက်ရှိရာ ယခုအခါလုပ်ငန်း ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး အများပြည်သူစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၂၅၀၀ ခန့်ကုန်ကျခဲ့သည်။ အဆိုပါ သာသနာ့ဗိမာန်တော်အောင်မြင်ပြီးမြောက်စေရေးအတွက် အလှူငွေများပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဗိမာန်တော်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ရွှေ ဖုန်း-၀၉-၄၀၀၀၁၀၈၅၈၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇော် ဖုန်း-၀၉-၄၀၀၀၅၈၂၅၈၊ အတွင်းရေးမှူး(၁) ဦးတင်လင်း ဖုန်း-၀၉-၄၀၀၀၀၁၀၀၄နှင့် ဘဏ္ဍာရေးမှူး ဦးစောထွေး ဖုန်း-၀၉-၄၀၀၀၀ ၀၈၅၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဝင်းအောင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံပြုပြင်ထိန်းသိမ်းရေး ဖြည့်စွက်လုပ်ငန်းများ (မြို့ပြ/ရေသန့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၁၃၆၇၁၀ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ရောင်းချမည့်နေ့ရက် - ၂၆-၅-၂၀၁၄ရက်(တနင်္လာနေ့)
(ခ) တင်ဒါပိတ်မည့်ရက်၊အချိန် - ၂၆-၆-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ
(ဂ) ရောင်းချမည့်နေရာ - ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

တင်ဒါစိစစ်ရွေးချယ်ရေးနှင့် လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့

နားမကြားသောကလေးများအတွက် ကျောင်းဝင်ခွင့်လျှောက်လွှာလက်ခံခြင်း

အသက်(၅)နှစ်မှ (၁၈)နှစ်အတွင်း ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ပြည့်မီသူ နားမကြားကလေးများအား လူမျိုး၊ ဘာသာ၊ ကျား၊မ မရွေး လက်ခံပါသည်။ သွားလာရေးခက်ခဲသောဒေသမှ ကလေးများအား အဆောင်နေ ကျောင်းသားအဖြစ် လက်ခံပါသည်။ ကျောင်းသားများလက်ခံရာတွင် မိဘများကိုယ်တိုင်နှင့် အောက်ပါအချက်အလက်များ ယူဆောင်လာရမည်ဖြစ်ပါသည်။

(က) ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ လေးပုံ
(ခ) ကလေး၏ ဖွားစာရင်းမူရင်းနှင့် မိတ္တူ
(ဂ) သက်ဆိုင်ရာရပ်ကွက် ထောက်ခံချက်
(ဃ) သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

စသည်တို့နှင့်အတူ မိဘများကိုယ်တိုင် လာရောက်အပ်နှံရမည်ဖြစ်ပါသည်။ ၂၆-၅-၂၀၁၄ ရက် (တနင်္လာနေ့)မှစ၍ ကျောင်းသားများ စတင်အပ်နှံနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသော ကလေးများကျောင်း အကွက် ၈၅၈၊ စစ်ကိုင်းလမ်းခွဲ၊ Red Power ဓာတ်ဆီဆိုင်အနီး၊ ချမ်းမြသာစည် တောင်ရပ်ကွက်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၄၆၁၇၊ ၀၂-၃၀၀၄၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	11 KV HT Line Accessories	1.735 Miles	မြန်မာကျပ်ငွေ
(ခ)	11/0.4 KV,11/3.3 KV Substation Assy;	5 Lots	နိုင်ငံခြားငွေ/မြန်မာကျပ်ငွေ
(ဂ)	30 KW Motor & Starter	8 Sets	မြန်မာကျပ်ငွေ
(ဃ)	11/3.3 KV,11/0.4 KV Transformer	5 Nos	မြန်မာကျပ်ငွေ
(င)	16 M, 12 M,10 M Concrete Pole	1138 Nos	မြန်မာကျပ်ငွေ
(စ)	Spare Parts for Back Hoe, Dozer & Dump Truck	3 Lots	မြန်မာကျပ်ငွေ

ပိတ်ရက်နှင့်အချိန် - ၁၀-၆-၂၀၁၄ ရက်၊ ၁၅း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ် ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ် ၅၀၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၃၀၈

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၂၃၊ မြေကွက်တည်နေရာအမှတ် ၁၂၃၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်မမလေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မမလေး ကွယ်လွန်သဖြင့် ဦးဝင်းမြင့် ၁၂/ခရန(နိုင်)၀၀၆၂၃၇က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၈၁၇၇(၁၉-၃-၁၄)ဖြင့်လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်နီနီသိန်း ၁၂/ကတတ(နိုင်)၀၁၄၈၉၄က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၄၂၀၇ (၁-၄-၁၄)ဖြင့် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၇၉၅၊ မြေကွက်တည်နေရာအမှတ် ၇၉၅၊ မြဝတီမင်းကြီး ၁ လမ်း၊ (၁၆/ရွှေပေါက်ကံ) [ဦးသိန်းညွန့် ၁၂/စခန(နိုင်) ၀၀၃၈၃၂]အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းညွန့်(တရားရုံး)ကိုယ်စား ဘိလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်) ၀၅၁၂၄၃ က အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၄၆၁/၂၀၁၃၏ စီရင်ချက် တရားမဇာရီမှုအမှတ် ၂၀၀/၂၀၁၃၏ နေ့စဉ်မှတ်တမ်းနှင့် တာဝန်ပေးအပ်ကြောင်း အကြောင်းကြားစာတို့တင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများနှင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၅-၂၀၁၄ ရက် ဤသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၃) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၂၀) ဒေါ်တိုးရီ၏ဂရန်သစ်တွင် မြေအမည်ပေါက် ဦးအောင်ရွှေအစား ဒေါ်ခင်ကြိုင်ဟု ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၅-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ စာမျက်နှာ(၄)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်းမ(ရွှေဘုန်းပွင့်ဘုရားလမ်းနှင့် ရေကျော်လမ်းမကြီးထောင့်) နှစ်ခန်းတွဲ ရှစ်ထပ်တိုက်၊ တိုက်အမှတ် ၅၄၊ အကျယ်အဝန်း(၁၈'×၆၅')ခန့်ရှိ မြေညီ[+ပထမထပ်(နှစ်လွှာအပြည့်)အစား (ဦးရွှေဂွန်းလမ်းနှင့် ရေကျော်လမ်းမကြီးထောင့်)နှစ်ခန်းတွဲ ရှစ်ထပ်တိုက်၊ မြေညီ+]ထပ်ခိုးအပြည့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရှေ့ပြေးတရားဥပဒေစိုးမိုးရေးစင်တာများအတွက်ဒေသခံအကြံပေးအဖွဲ့ လူထုကိုယ်စားလှယ်တာဝန်ထမ်းဆောင်ရန်အဆိုပြုလွှာခေါ်ယူ

လားရှိုး မေ ၂၁

ရှေ့ပြေးတရားဥပဒေစိုးမိုးရေးစင်တာများအတွက် ဒေသခံအကြံပေးအဖွဲ့တွင်လူထုကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် အဆိုပြုလွှာများကိုဖိတ်ခေါ်လျက်ရှိကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP ရုံးမှသိရသည်။ တရားဥပဒေစိုးမိုးရေးစင်တာများဖွင့်လှစ်ရန်အတွက်မန္တလေးမြို့နှင့်လားရှိုးမြို့ကိုရွေးချယ်ထားပြီးမကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးစင်တာတစ်ခုချင်းစီကို လွတ်လပ်သောဒေသခံအကြံပေးအဖွဲ့က ပံ့ပိုးမည်ဖြစ်ကြောင်းနှင့် ဒေသခံအကြံပေးအဖွဲ့ကတရားဥပဒေစိုးမိုးရေးစင်တာ၏ကောင်းမွန်စွာအုပ်ချုပ်မှုရှိစေရန်သေချာစေရေးအပြင်တရားဥပဒေစိုးမိုးရေးစင်တာ၏ကိစ္စအဝဝကိုစောင့်ကြပ်ကြည့်ရှုရန်၊ အဖွဲ့၏လုပ်ငန်းဆောင်ရွက်ချက်နှင့်တာဝန်များမှအစီအစဉ်များ၊ နေ့စဉ်လုပ်ငန်းပြင်ဆင်မှုအား သုံးသပ်ခြင်း၊ စင်တာ၏သင်တန်းပို့ချခြင်း၊ တိုးတက်မှုအခြေအနေစောင့်ကြည့်ခြင်းကိုအကြံပေးအဖွဲ့မှပံ့ပိုးပေးမည်ဟုသိရသည်။စင်တာတစ်နေရာစီ၏အဖွဲ့တွင်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများ၊ ရဲအရာရှိများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှအရာရှိများနှင့်လူထုကိုယ်စားလှယ်နှစ်ဦးပါဝင်ပြီး စုစုပေါင်း၁၂ဦးပါဝင်မည်ဖြစ်ကြောင်းသိရသည်။အကြံပေးအဖွဲ့တွင် လူထုကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်တစ်ဦးချင်းအဆိုပြုတင်သွင်းနိုင်သလိုအခြားသူတစ်ဦးကိုလည်း အဆိုပြုတင်သွင်းနိုင်သည်ဟုUNDP စီမံချက်အရာရှိ ဦးဇော်မင်းနောင်ကပြောသည်။ တရားဥပဒေစိုးမိုးရေးစင်တာများသည်တရားစီရင်ရေးအဖွဲ့အစည်းများနှင့်လူ့အဖွဲ့အစည်းအကြားပေါင်းကူးဆက်သွယ်ပေးနိုင်ရန်အများပြည်သူယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်လာမှုပိုမိုရရှိစေရေးအတွက်အားပေးထောက်ပံ့မည်ဟုသိရသည်။ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်အနေဖြင့်တရားစီရင်ရေးစင်တာများတည်ထောင်နိုင်ရန်ထောက်ပံ့လျက်ရှိကြောင်း UNDP မှ သိရသည်။

မမ(လားရှိုး)

ငှက်ကြီးတောင် မြေသားတမံပြုပြင်ပြီး၍ တောင်သူများ ဝမ်းမြောက်

ရေတာရှည် မေ ၂၁

ယခင်နှစ်မိုးရာသီက ရေတာရှည်မြို့နယ် အင်ဒိုင်းကျေးရွာအုပ်စုရှိ ငှက်ကြီးတောင်မြေသားတမံမှာ စစ်တောင်းမြစ်ရေကြောင့် ကျိုးကျသွားခဲ့ပြီး လယ်မြေဧက ၂၀၀၀ ကျော်ပျက်စီးဆုံးရှုံးခဲ့ရသည်။ အဆိုပါမြေသားတမံကို ပြန်လည်ပြုပြင်မြေဖို့ခဲ့သော်လည်း ယခုနှစ်ကြိုရာသီတွင် ကြံတင်ယာဉ်များမောင်းနှင်မှုကြောင့် တမံအလယ်၌ နှစ်ပေခန့်နိမ့်ကျသွားခဲ့သည်။မိုးရာသီကာလစစ်တောင်းမြစ်ရေမြင့်တက်လာလျှင် ထပ်မံကျိုးကျမည်ကို စိုးရိမ်ကာ သက်ဆိုင်ရာဌာနများကို တင်ပြခဲ့ပြီးနောက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၅၀နှင့် ကျေးရွာရန်ပုံငွေ ၁၂ သိန်းတို့ဖြင့် မေ ၁၀ ရက်မှစတင်ကာ စက်ယန္တရားများဖြင့်ပြုပြင်ခဲ့ပြီး မေ ၁၉ ရက်နေ့တွင်ပြီးစီးခဲ့သည်။"ကျွန်တော်တို့နိမ့်သွားတဲ့နေရာအပြင် အခြားလိုအပ်တဲ့နေရာရောဆိုရင် အကုန်လုံး ပေလေးထောင်ကျော်ပေ့ါ၊ ခုတော့အဆင်ပြေသွားပါပြီ၊ ဒီတစ်ခါထပ်ကျိုးလို့ လယ်တွေပျက်စီးသွားရင် ကျွန်တော်တို့တောင်သူတွေ နာလန်ထူမှာမဟုတ်တော့ဘူး"ဟု အင်ဒိုင်းကျေးရွာ ဒေသခံတစ်ဦးကပြောပြသည်။

ကိုလွင်(ဆွာ)

ပြန်လည်စွန့်လွှတ်သည့်မြေယာများ မူလပိုင်ရှင်များထံလွှဲပြောင်း

စလင်း မေ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စလင်းမြို့နယ်တွင်စွန့်လွှတ်မြေလွတ် မြေရိုင်းများကို သက်ဆိုင်ရာတပ်မှ မူလပိုင်ရှင်တောင်သူများအားလုပ်ပိုင်ခွင့် ပြန်လည်ပေးအပ်သည့်အခမ်းအနားကို မေ ၂၀ ရက် နံနက် ၈ နာရီက တောစိမ့်ကျေးရွာအုပ်စု မကျီးပင်ပု ကျေးရွာ အမကခန်းမ၌ ကျင်းပခဲ့သည်။ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအတွင်းရေးမှူးမြေစာရင်းဦးစီးဌာနမှူး ဦးမောင်ကောင်းက မူလပိုင်ရှင်တောင်သူများသို့ လုပ်ပိုင်ခွင့်ချထားပေးသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စွန့်လွှတ်ပေးသည့် မြေဧက ၂၃၄ ဒသမ ၆၆ တွင် မူလက စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည့် တောင်သူများအား လုပ်ပိုင်ခွင့် ချထားပေးနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် တင်ပြဆောင်ရွက်ခဲ့ပြီး ခွင့်ပြုချက်များရရှိပြီး ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သန့်ရှင်းသော သောက်သုံးရေ ရရှိရေး စက်ရေတွင်း ဖွင့်လှစ်

စဉ့်ကိုင် မေ ၂၁

ဥရောပ-အာရှ ကော်မာရှယ် ကုမ္ပဏီလီမိတက် ဖောင်ဒေးရှင်း လှူဒါန်းမှုဖြင့် စဉ့်ကိုင်မြို့နယ်၊ နန်းနီအုပ်စု နေပူကျေးရွာတွင် တူးဖော်ထားသော သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေလ ၂၀ ရက် နံနက် ၈နာရီကအဆိုပါကျေးရွာ စက်ရေတွင်း ရှေ့တွင်ကျင်းပခဲ့သည်။

စက်ရေတွင်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ အလှူရှင် ဥရောပ-အာရှ ကော်မာရှယ် ကုမ္ပဏီလီမိတက် ဖောင်ဒေးရှင်းမန်နေဂျာ ဦးစောအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရေတွင်းမှရေဘားဖွင့်လှစ်ပေးခဲ့သည်။

